www.burmeseclassic.com

# မင်းသိင်္ခ

## မရမ်းတာလင်းလက်ဆောင် ဂမ္ဘီရယတြာများ




ဒုတိယတွဲ

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

# မရမ်းတလင်းလက်ဆောင် ဂမ္ဘီရယတြာများ (ဒုတိယတွဲ)


## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက် - ၄၀၀၅၂၈၀၆၀၅

မျက်နှာဖုံးခွင့်ပြုချက် - ၄၀၀၅၀၂၀၆၀၅

ပုံနှိပ်ခြင်း - ပထမအကြိမ်၊ အုပ်ရေ (၅၀၀)

ထုတ်ဝေသည့်ကာလ - ၂၀၀၆ ခုနှစ်၊ ဇွန်လ

ထုတ်ဝေသူ - ဦးမျိုးမင်းသန်း (၀၄၁၇၃)
မျက်ပွင့်စာပေ
အမှတ် (၁၆၇)၊ ဗိုလ်ချုပ်အောင်ဆန်းလင်း
ဗိုလ်ဆွန်ပက်လမ်းထိပ်၊ ရန်ကုန်။

အတွင်းနှင့် မျက်နှာဖုံးပုံနှိပ် - ဦးဇော်မင်းအေး (၀၇၁၂၅)
ဇော်ပုံနှိပ်တိုက်
အမှတ် (၁၈၆)၊ အင်ကြင်းမြိုင်လမ်း
သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်။

မျက်နှာဖုံးဒီဇိုင်း - မြင့်မြတ်သုခ

**တန်ဖိုး - ၁၀၀၀ ကျပ်**

## ဖြန့်ချိရေး

မရမ်းတလင်းစာပေ
အမှတ် (၁၄)၊ ကျောက်ရေတွင်းလမ်း
ကျောက်မြောင်း။ ရန်ကုန်။ ဖုန်း - ၅၄၃၂၈၇

မျက်ပွင့်စာပေ
အမှတ် (၁၆၇)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း
ရန်ကုန်။ ဖုန်း - ၇၀၀၅၇၉


www.burmeseclassic.com

www.burmeseclassic.com

ဓရိမ်းတလင်းလက်ခေတ် ဝတ္ထုရသကြော့များ

(ဒုတိယတွဲ)

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | အမှာစာ | ၁ |
| ၂။ | ပူလိုက်တဲ့အိမ် အေးပေရော့ | ၃ |
| ၃။ | ဖယောင်းတိုင် ကိုးတိုင်နှင့် ကိုတင်ရွှေ | ၇ |
| ၄။ | ပုတီးစိပ်နည်းကလေးတစ်နည်း | ၁၁ |
| ၅။ | မသိလျှင်အခက်တွေ့မည့် နင်းကြမ်းယတြာနည်း | ၁၅ |
| ၆။ | မရမရှိ လိုတရစေသော စာရွက် | ၁၉ |
| ၇။ | ဘိုးသိကြားကို တိုင်တည်ပါ | ၂၃ |
| ၈။ | ပြန်လာစေသော စာရွက်ကလေးတစ်ရွက် | ၂၇ |
| ၉။ | မရမရှိသော အလုပ်ရနည်း | ၃၁ |
| ၁၀။ | ပန်းကန်ပြားပေါ်က သရ (၁၂) လုံး | ၃၅ |
| ၁၁။ | မနောမယ ကွမ်းရွက် | ၄၁ |
| ၁၂။ | ဘေးကင်းသော ကွမ်းရွက်ကလေး | ၄၉ |
| ၁၃။ | ရောက်လေရာအရပ်မှာ ကောင်းမြတ်သော လာဘ်လာဘရွှင်စေသောနည်း | ၅၃ |


BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၄။ | ရှင်သီဝလိ ဆယ်ဂါထာ | ၆၃ |
| ၁၅။ | ပေါကြီးဆိုတဲ့ လူတစ်ယောက်အတွက် ခင်ပွန်းကြီး (၁၀) ပါး တော်င်းပန်နည်း | ၇၇ |
| ၁၆။ | ကိုယ့်ဥစ္စာပစ္စည်း အန္တရာယ်ကင်းစေလိုသော် | ၈၅ |
| ၁၇။ | ဘယ်ကိစ္စမဆို သုံးဖို့လို | ၉၃ |
| ၁၈။ | အခါပေးနည်း အလွယ် | ၉၉ |

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com


# အမှာစာ

ဤယတြာများသည် မော်ဘီမြို့အစွန်ရှိ ကျွန်ုပ်၏ မရမ်းတလင်းခြံတွင် နေ့စဉ်နေ့တိုင်း လက်ဆောင်အဖြစ် အခမဲ့ ဝေငှသော ယတြာများဖြစ်ပါသည်။ မြောက်မြားစွာသော လူများသည် ဤယတြာများကို အားကိုးတကြီး လာရောက်ယူငင်ကြ၏။ လုပ်ကိုင်ကြ၏။ အဆင်ပြေကုန်ကြ၏။

ထို့ကြောင့် ကျွန်ုပ်၏ မရမ်းတလင်းခြံတွင် အစဉ်သဖြင့် လူစည်ကားလျက်ရှိလေ၏။ သို့သော် သင်က ရောက်မလာခဲ့ပေ။ ဝေးလံသောကြောင့်လည်း ဖြစ်နိုင်၏။ အချိန်မပေးနိုင်သောကြောင့်လည်းဖြစ်နိုင်၏။ မည်သို့ဖြစ်စေ ကျွန်ုပ်သည် ဤယတြာများကို သင်လည်း ရစေချင်၏။ ထို့ကြောင့် "မရမ်းတလင်းလက်ဆောင် ဂမ္ဘီရယတြာများ" ဟူ၍ စာအုပ် ရိုက်နှိပ်ခဲ့၏။ ပထမတွဲကို ဖြန့်ချိပြီးဖြစ်၏။ ယခုစာအုပ်မှာ ထိုစာအုပ်၏ အဆက် ဒုတိယတွဲပင်ဖြစ်၏။

မရမ်းတလင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com


ဤစာအုပ်လက်တွင်းသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်သွားခြင်းအတွက် ကျွန်ုပ်အနေနှင့် ဝမ်းမြောက်ရပါ၏။ သင်အသုံးပြုကြည့်၍ သင့်အတွက် အကျိုးရှိသည်ဆိုလျှင် ကျွန်ုပ်အနေနှင့်မည်မျှဝမ်းမြောက်ပီတိဖြစ်မည်ကို ရေးသားဖော်ပြနိုင်ခြင်း မရှိတော့ပါ။

သဗ္ဗေသတ္တာ ကမ္မဿကာ

မင်းသိခ်


www.burmeseclassic.com

www.burmeseclassic.com


# ပူလိုက်တဲ့အိမ် အေးပေစေ့ရော

တစ်နေ့သ၌ ကျွန်ုပ်ထံသို့ ဒေါ်လှအေးဆိုသော မိန်းမကြီး တစ်ဦး ရောက်ရှိလာလေ၏။ ကျွန်ုပ်သည် ၎င်းကို တွေ့လျှင် တွေ့ချင်း-

"ကဲ . . ဒေါ်လှအေး. . . ဘာတွေဒုက္ခတွေ့လာ ပြန်ပြီလဲ ပြောတော့. . .၊ ကျုပ်လုပ်ပေးနိုင်တာတွေ ကျုပ်လုပ်ပေး မှာယ်. . ."

ဟု ပြောလိုက်လျှင် ဒေါ်လှအေးက-

"တခြားမဟုတ်ပါဘူး ဆရာရယ်. . .၊ စီးပွားရေးလည်း ကောင်းပါတယ်၊ ဒါပေမဲ့ အိမ်မှာက အလွန်ပဲ အိမ်ပူတယ် ဆရာရဲ့ . . .၊ အိမ်က သားအဖနှစ်ယောက်က ညက


www.burmeseclassic.com

www.burmeseclassic.com


နိုင်ငံခြားဘောလုံးပွဲ ကြည့်တယ်၊ မနက်လက်ဖက်ရည်ဝိုင်းလည်းရောက်ရော နိုင်ငံခြား ဘောလုံးပွဲအကြောင်း ငြင်းကြခုန်ကြနဲ့ ဆူညံနေတာပဲ၊ မီးဖိုထဲမှာလည်း သမီးနှစ်ယောက်ကလည်း လွင်မိုးချောတယ်၊ လူမင်းချောတယ်နဲ့ ငြင်းကြခုန်ကြနဲ့ ကြွက်ကြွက်ကို ညံနေတာပဲ. . .၊ အကြောင်းတစ်ခုမဟုတ်တစ်ခုနဲ့ အိမ်မှာ ဆူညံနေတာပဲ၊ အဲဒါလေး လုပ်ပေးပါဆရာရယ်. . . ”

ဟု ပြောလေတော့၏။

“ရှေးကဆရာတွေကတော့ “ကကြိုးအလယ်သေ အင်း” ပန်းကန်ပြားမှာကပ်ပြီး မီးထွန်းခိုင်းတယ်၊ အဲဒီလို လုပ်လိုက်ရင် အိမ်ပူတာ ရပ်သွားရော၊ ကျွန်တော်တို့ လက်ထက်မှာတော့ ဒီလို မလုပ်တော့ပါဘူး. . .၊ ပန်းကန်ပြားပေါ်မှာ ကကြိုးတစ်လုံးကို ရေးပြီး မီးထွန်းခိုင်း လိုက်တာပါပဲ. . .၊ အိမ်ပူတာရပ်သွားရော၊ ဘာကြောင့် ရပ်သွားတာလဲဆိုတာတော့ ကျွန်တော့်ကို မမေးနဲ့၊ ကျွန် တော်လည်း မသိဘူး၊ အဲဒီလိုလုပ်ရင် အဲဒီလို ရပ်သွားတာပဲ. . .၊ ဟောဒီမှာ ကြွေပန်းကန်ပြားပေါ်မှာ ကကြိုး ရေးပေးလိုက်မယ်၊' အိမ်ပြန်ပြီး မီးထွန်းပေတော့၊ အိမ်မပူဘဲ အေးချမ်းသွားလိမ့်မယ် . . . ”

ဟု ပြောကာ ကကြိုးရေးထားသော ပန်းကန်ပြားတစ်ချပ်ကို ဒေါ်လှအေးအား ပေးလိုက်လေ၏။ ဒေါ်လှအေးလည်း ပန်းကန်ပြားကို ပိုက်၍ ပြန်သွားလေတော့၏။


www.burmeseclassic.com

www.burmeseclassic.com



တစ်ပတ်ခန့်ကြာသောအခါ ဒေါ်လှအေး ပြန်ရောက်လာလေ၏။

"အိမ်က အေးသွားလိုက်တာ ဆရာရယ်. . .၊ အိမ်နီးနားချင်းကတောင် လူတွေမှ ရှိသေးရဲ့လားလို့တောင် မေးယူရတဲ့အထိပါဘဲ. . ."

ဟု အားရဝမ်းသာ ပြောလေတော့၏။


"အဲဒီ အကြောင်းလေးတွေ စာအုပ်ရေးပါ ဆရာရဲ့၊ ဒါမှ လူတိုင်းသုံးရမှာပေါ့. . ."

ဟု အကြံပေးလေတော့၏။

"စိတ်ချပါဗျာ. . . ရေးဖြစ်အောင် ရေးမှာပါ. . ."

ဟု ကျွန်ုပ်က ကတိပေးလိုက်လေတော့သတည်း။

သဗ္ဗေသတ္တာ ကမ္မသကာ






www.burmeseclassic.com

www.burmeseclassic.com



# ပူလိုက်တဲ့အိမ် အေးပေရော




မိတ္တူကူး၍ အသုံးပြုနိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com


# ဖယောင်းတိုင်ကိုးတိုင်နှင့် ကိုတင်ရွှေ

တစ်နေ့မှာ ကျွန်ုပ်ဆီကို ရုပ်ရှင်ဇာတ်ကားတွေ ကန်ထရိုက်ယူပြီး ငှားပြတဲ့ ကိုတင်ရွှေဆိုတဲ့ လူတစ်ယောက် ရောက်လာတယ်။ သူက ကျွန်ုပ်နှင့် အတော်ပဲ ရင်းနှီးတယ်။ ကျွန်ုပ်နှင့် တွေ့လျှင်တွေ့ချင်းပဲ ၎င်းက-

"ဆရာရေ. . . ကျွန်တော်တော့ ရုပ်ရှင်ကန်ထရိုက်၊ ဇာတ်ကား ကန်ထရိုက်လုပ်တာ အရှုံးကြီးရှုံးပြီး အကြွေးတွေ တင်နေလို့ အိမ်မှာတောင် မအိပ်ရဲတော့ဘူး. . .၊ တခြားရှောင်ပြီး အိပ်နေရတယ်၊ ပိုက်ဆံလည်း တစ်ပြားမှမရှိလို့ တစ်အိမ်လုံးလည်း ငတ်ကုန်ကြပြီ၊ အမြင်မတော်တဲ့ အိမ်နီးနားချင်းတွေက ဝိုင်းကျွေးကြလို့ပေါ့. . .၊ အဲဒီလိုမှမဟုတ်ရင် ကျွန်တော်တို့ သေတာကြာပြီ. . ."

ဟု ပြောလေ၏။ ထို့ကြောင့် ကျွန်ုပ်လည်း ရတနာဒီပံ မီးထွန်း အင်း စာရွက်ကိုးရွက်ကို ဖယောင်းတိုင်မှာပတ်ပြီး ပေးလိုက်တယ်။ အဲဒီမှာ လွတ်နေတဲ့ ကွက်လပ်လေးတစ်ခုမှာလည်း သူ့ရဲ့မွေးနံကို ရေးထည့်ပေးလိုက်တယ်။


www.burmeseclassic.com

www.burmeseclassic.com



"တစ်နေ့ တစ်တိုင်ထွန်းရမယ်. . .၊ ကိုးရက်ထွန်းရမယ်. . .၊ ကိုးရက်လုံးလည်း ဥပုသ်စောင့်ရမယ်၊ ကိုးရက်အတွင်းမှာလည်း မေတ္တာပို့တဲ့အလုပ်ကို လေးလေးနက်နက်လုပ်ရမယ်. . ."

လို့ မှာကြားလိုက်တယ်။ ကိုတင်ရွှေဟာ အားရဝမ်းသာပြန်သွားတယ်။ ကျွန်ုပ်မှာလိုက်တဲ့အတိုင်းလည်း လုပ်မယ့်ပုံပါပဲ။ နှစ်ပတ်လောက်ကျော်တော့ ကျွန်ုပ်ထံ ပြန်ရောက်လာတယ်။

"ဆရာလေးလုပ်ပေးလိုက်တာ အဆင်ပြေသွားပြီ၊ ကျွန်တော်ကလည်း ဆရာမှာတဲ့အတိုင်း အတိအကျကို လုပ်ပါတယ်၊ ကျွန်တော်နဲ့ အလုပ်လုပ်ခဲ့တဲ့ ကုမ္ပဏီဟောင်း တစ်ခုကလည်း စပေါ်ငွေ မယူဘဲ ကားထုတ်တစ်ထုတ် အလကားပေးလိုက်တယ်။

အဲဒီကားက ထပြီးပေါက်တော့တာပဲ၊ ကျွန်တော့်အနေနဲ့ ဆပ်စရာရှိတဲ့ အကြွေးတွေကိုလည်း အတုန်ဆပ်နိုင်ပါပြီ၊ အခုတော့ အိမ်မှာ အေးအေးဆေးဆေး အိပ်လို့ရပါပြီ၊ ကြွေးရှင်တွေကိုလည်း ရှောင်နေစရာ မလိုတော့ပါဘူး. . .၊ အလုပ်ကလည်း ပြန်ပြီး လည်ပတ်သွားပြီ၊ အဲဒါကြောင့် ဆရာက ဆီးချိုရှိတယ်ဆိုလို့ မန္တလေးက အလွန်ချိုတဲ့ လမုန့်တွေ ဆရာ့အတွက် ဝယ်လာတယ်၊ မြေနီကုန်း 'တို့မိတ်တွေ' ဆိုင်က ကုလားမလိုင်လုံးတွေ ဝယ်လာတယ်. . ."



www.burmeseclassic.com

www.burmeseclassic.com



ဟု ဆိုကာ ဆီးချိုတက်မည့် လမုန့်များ၊ မလိုင်လုံးများကို ကျွန်ုပ်အား လက်ဆောင်ပေးလေ၏။

ထို့နောက် ကိုတင်ရွှေက-

"အဲဒီစာရွက်ကလေးက ဖယောင်းတိုင်မှာပတ်ပြီး မီးထွန်းရတာ ကျွန်တော်တစ်ယောက်တည်းအတွက်လား၊ စီးပွားရေးဦးမမော့တဲ့ လူတိုင်းအတွက် လုပ်လို့ရသလား . . ."

ဟု မေးလေ၏။

"လူတိုင်းနဲ့ ဆိုင်တာပေါ့ဗျာ. . .၊ ခင်ဗျားတစ်ယောက်တည်းအတွက် ဘယ်ဟုတ်မလဲ. . .၊ ရှေးက ဆရာတွေ လုပ်ခဲ့တာဗျ. . .၊ ကျုပ်ထွင်ထားတာ ဘယ်ဟုတ်မလဲဗျာ"

ဟု ကျွန်ုပ်က ပြောလိုက်လျှင် ၄င်းကိုတင်ရွှေက-

"လမ်းထဲမှာ ကျွန်တော့် မိတ်ဆွေတစ်ယောက်ရှိတယ်၊ ကျွန်တော့်လိုပဲ ဒုက္ခရောက်နေတယ်၊ သူ့ကို ကျွန်တော် လုပ်ပေးလိုက်မယ်. . ."

ဟု ပြောသဖြင့် ကျွန်ုပ်က-

"သာဓုဗျာ. . . အဲဒီလို စိတ်ကောင်းမွေးမှပေါ့. . ."

ဟု ပြောလိုက်ရလေတော့သတည်း။

သဗ္ဗေသတ္တာ ကမ္မဿကာ






www.burmeseclassic.com

www.burmeseclassic.com



# စီးပွားရေးဦးမော့စေမည့် ဇယောင်းတိုင်



မိတ္တူကူး၍ အသုံးပြုနိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





# ပုတီးစိပ်နည်းကလေးတစ်နည်း

တစ်နေ့တွင် ကျွန်ုပ်ထံသို့ ကျွန်ုပ်နှင့် သိပေါင်းကျွမ်းပေါင်း ရင်းနှီးသော "ကိုအောင်သန်း" ဆိုသည့် လူတစ်ဦး ရောက်လာလေ၏။ ထိုသူသည် အသက်(၅၀)ခန့်ရှိပြီ ဖြစ်၏။ ၎င်းက ကျွန်ုပ်ကို တွေ့လျှင်တွေ့ချင်း-

"အခုလာမဲ့ တန်ခူးလမှာ ကျွန်တော့် အသက်(၅၀) ရောက်ပြီ ဆရာရဲ့. . .၊ အခုအချိန်အထိ စီးပွားရေးမှာလည်း မအောင်မြင်ဘူး. . .၊ အခြား ဘာအရေးမှာမှလည်း မအောင်မြင်ဘူး. . .၊ အသက်(၅၀)ကို လိမ့်ဖယ်လိမ့်ဖယ်နဲ့ ရောက်လာတာပဲ၊ ကျွန်တော့် အနေနဲ့ အလုပ်မလုပ်တာ မဟုတ်ဘူး၊ အလုပ်တွေက မဖြစ်မြောက်တာပါဆရာရယ်. . ."

ဟု ပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလိုဆိုရင် ဒီလိုလုပ်ပါလား. . .၊ ရက်(၅၀)လောက် အမြဲမပြတ်နဲ့ ဂုဏ်တော်(၁၀)ပါး ပုတီးစိပ်ပါလား"

ဟု ကျွန်ုပ်က ပြောလျှင် ငှင်းကိုအောင်သန်းက-

"မကျောက်မတွန်းပါနဲ့ ဆရာရယ်. . .၊ ဂုဏ်တော်က ကိုးပါးပဲ ရှိတာ. . ."

ဟု ပြောလေ၏။ ထိုအခါ ကျွန်ုပ်က-

"ကိုယ်လည်း အဲဒီလိုပဲ သိခဲ့တာပဲ. . .၊ တစ်နေ့မှာ ကိုယ့်ရဲ့ မိတ်ဆွေ ညောင်ဦးသန်းဝင်း ဆိုတာရောက်လာပြီး ဂုဏ်တော် (၁၀) ပါး ပုတီးစိပ်နည်းကို ကိုယ့်ကို သင်ပြပေးသွားတယ်၊ ကိုယ် အဲဒါကို စိပ်နေတယ်၊ အကျိုးတော်တော်ထူးတယ်၊ သူပြောပြချက်ကို ပြန်ပြောပြတာနော်. . .၊ ကိုယ် သေသေချာချာ သိတာမဟုတ်ဘူး . . .၊ ရန်ကုန် တိုကြောင်ကလေးက ဦးဇင်းကြီးတစ်ပါးကို ဗန်းမော်မြို့၊ ဗန်းမော်ကျောင်းက ဆရာတော်တစ်ပါး ပေးတဲ့နည်းတဲ့၊ အဲဒီ ဦးဇင်းကြီးကတော့ တော်တော်ကို ထူးသွားတယ်ဆိုပဲ. . .၊ ကိုသန်းဝင်း ပြောပြတာကို အားကျပြီး ကျုပ်လည်း အဲဒီအတိုင်းလိုက်ပြီး စိပ်တယ်၊ ကျုပ်အတွက်လည်း ထူးပါတယ်ဗျာ. . .၊ ကိုယ့်လူလည်း အဲဒီနည်းပဲ လုပ်စေချင်တယ်"

ဟု ကျွန်ုပ်က ပြောလိုက်လျှင် ငှင်းကိုအောင်သန်းက-

"ကိုးပါးကို ဘယ်လိုလုပ်ပြီး ဆယ်ပါးဖြစ်အောင် စိပ်ရသလဲ ဆရာရယ်. . .၊ ပြောပြစမ်းပါဦး. . ." ဟု မေးလေ၏။

www.burmeseclassic.com



ထို့ကြောင့် ကျွန်ုပ်လည်း ဂုဏ်တော်(၁၀)ပါး ပုတီးစိပ်နည်းကို ထပ်ဆင့်၍ သင်ပြပေးလိုက်လေ၏။

ကျွန်ုပ်ထံမှ အထက်ပါနည်းကိုရလျှင် ကိုအောင်သန်းလည်း ဝမ်းသာအားရ ပြန်သွားလေတော့၏။ ထိုသို့ပြန်သွားပြီး (၆)လခန့် ကြာသောအခါ ကျွန်ုပ်ထံသို့ တစ်ခေါက်ပြန်၍ ရောက်လာပြန်၏။ ထိုသို့ရောက်လာပြီးလျှင်-

"ဆရာရေ. . . ဆရာပေးတဲ့ ဂုဏ်တော်(၁၀)ပါး ပုတီးစိပ်နည်းနဲ့ အတော့်ကို ဟန်ကျနေပြီ ဆရာ့ကျေးဇူး မမေ့ပါဘူး. . .၊ ဆရာ့ မွေးနေ့ရောက်လို့ အကျွေးအမွေး လုပ်မယ်ဆိုရင် အဲဒီအကျွေးအမွေး ကုန်ကျစရိတ်အတွက် ကျွန်တော် တာဝန်ယူမယ် . . ."


ဟု ပြောလေ၏။ ထို့နောက် ကိုအောင်သန်းလည်း-

"ဆရာ. . . သုံးချင်တာသုံးဖို့. . ."

ဟု ဆိုကာ ငွေနှစ်သိန်းကန်တော့၍ ပြန်သွားလေတော့သတည်း။

ကျွန်ုပ်လည်း ကျွန်ုပ်ပေးလိုက်သော နည်းကလေးဖြင့် လူတစ်ဦး ဟန်ကျပန်ကျဖြစ်သွားသည်ကို သိရသဖြင့် ငွေနှစ်သိန်း ရသည်ထက်ပင် ဝမ်းသာရလေတော့သတည်း။

သဗ္ဗေသတ္တာ ကမ္မသကာ





www.burmeseclassic.com

www.burmeseclassic.com



ဂုဏ်တော်(၉)ပါး
ပုတီး(၁၀)ပတ်ရအောင်စိပ်နည်း

| | |
|---|---|
| ၁။ အရဟံ | ပုတီး(၁)ပတ် |
| ၂။ သမ္မာသမ္ဗုဒ္ဓေါ | ပုတီး(၁)ပတ် |
| ၃။ ဝိဇ္ဇာစရဏသမ္ပန္နော | ပုတီး(၁)ပတ် |
| ၄။ သုဂတော | ပုတီး(၁)ပတ် |
| ၅။ လောကဝိဒူ | ပုတီး(၁)ပတ် |
| ၆။ အနုတ္တရော | ပုတီး(၁)ပတ် |
| ၇။ ပုရိသ ဓမ္မသာရထိ | ပုတီး(၁)ပတ် |
| ၈။ သတ္ထာဒေဝမနုဿာနံ | ပုတီး(၁)ပတ် |
| ၉။ ဗုဒ္ဓေါ | ပုတီး(၁)ပတ် |
| ၁၀။ ဘဂဝါ | ပုတီး(၁)ပတ် |

မိတ္တူကူး၍ အသုံးပြုနိုင်ပါသည်။

မင်းသိင်္ခ



www.burmeseclassic.com

www.burmeseclassic.com





# မသိလျှင်အခက်တွေ့မည့် နင်းကြမ်းယတြာနည်း

တစ်နေ့သ၌ ကျွန်ုပ်ထံသို့ တစ်ဘက်ခြံတွင်နေသော ပန်းချီ ကိုကောင်းစံဆိုသူ ရောက်လာလေ၏။ ၎င်းသည် ကျွန်ုပ်ကို တွေ့လျှင် တွေ့ချင်း-

"ဆရာကြီး . . . အခုတလော အလုပ်ကိစ္စနဲ့ မြို့ထဲကို ထွက်တိုင်း အလွဲလွဲအချော်ချော်ဖြစ်တာလည်းရှိတယ်၊ အဆင်မပြေတာတွေလည်း များတယ်၊ အဲဒါလေး လုပ်ပေးစမ်းပါဦး. . ."

ဟု ပြောလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားကို လုပ်မပေးဘူးဗျာ. . .၊ တစ်ခါတည်း သင်ပေးလိုက်မယ်. . .၊ အဲဒီနည်းက နင်းကြမ်း ယတြာနည်းတဲ့၊ အဲဒါလေး ခင်ဗျားတတ်ထားရင် ခင်ဗျားအတွက်ကော၊ သူတစ်ပါးအတွက်ကော လုပ်ပေးရတာပေါ့ဗျာ. . ."

ဟု ကျွန်ုပ်က ပြောလိုက်လျှင် ကိုကောင်းစံက-

"ကောင်းတာပေါ့ ဆရာကြီးရယ်. . .၊ ကျွန်တော်မသွားလည်း၊ ကျွန်တော့်တပည့် စိန်ဝင်းမောင်ကို လွှတ်ရမှာပဲ၊ အဲဒီတော့ ကျွန်တော်တတ်ထားတာ ပိုပြီးကောင်းတာပေါ့"

ဟု ပြောလေ၏။

"ဒီလို ကိုကောင်းစံရဲ့. . .၊ အိမ်က အထွက်မှာ နင်းသွားရမယ့် ပန်းတွေ. . .၊ ညာခြေထောက်အောက်မှာ နင်းသွားရမယ့် ပန်းတွေရှိတယ်၊ ခြေထောက်နှစ်ဖက်စလုံးနဲ့ နင်းသွားရမယ့် ပန်းတွေလည်း ရှိတာပေါ့. . .၊ အဲဒါလေးကို ကျက်ပစ်လိုက်"

ဟု ဆိုကာ ကျွန်ုပ်သည် အသင့်ပြုလုပ်ထားသော နင်းကြမ်း ဇယားကလေးကို ပေးလိုက်လေ၏။

ကိုကောင်းစံလည်း ပျော်ရွှင်မြူးတူးစွာ ပြန်သွားလေ၏။ တစ်ပတ်မန့်ကြာသောအခါ ကိုကောင်းစံ ကျွန်ုပ်ထံသို့ ရောက်လာလေ၏။ ထိုသို့ရောက်လာပြီးလျှင်-

"ဆရာကြီးရဲ့ နင်းကြမ်းနည်းနဲ့ အတော်အဆင်ပြေနေတယ်၊ ကျွန်တော်ပဲသွားသွား၊ ကျွန်တော့်တပည့်



www.burmeseclassic.com

www.burmeseclassic.com




စိန်ဝင်းမောင်ပဲသွားသွား အားလုံးချောချောမောမောပဲ. . .၊
စောစောထဲက သင်ပေးထားရင် ကောင်းသား. . .”

ဟု ပြောလေတော့၏။

(မှတ်ချက်။ ။ ထိုနင်းကြမ်းများကို နေထိုင်မကောင်းသောအခါ၌ ခါးအောက်မှ ခြေထောက်အထိ ခင်း၍ အိပ်ရ၏။ ထိုသို့ ပြုလုပ်လိုက်လျှင် နေထိုင်ကောင်း သွားတတ်၏။ လုပ်ရကိုင်ရသည်မှာ လွယ်သော်လည်း လွန်စွာမှ ထိရောက်သောနည်း ဖြစ်၏။)

သဗ္ဗေသတ္တာ ကမ္မဿကာ





www.burmeseclassic.com

www.burmeseclassic.com



## နင်းကြမ်းလုပ်ရန်ဇယား

| နေ့သား | ညာခြေထောက်အောက် တွင်ထား နင်းရန် | ဘယ်ခြေထောက်အောက် တွင်ထား နင်းရန် | ချွင်းချက်သဘော |
|---|---|---|---|
| တနင်္ဂနွေ | ဝါးရွက်လေးရွက် | ဇော်စိမ်းသုံးညွန့် | ဒန်း(၇)ညွန့်ကို နှစ်ဘက်စလုံးတွင် နင်းရန် |
| တနင်္လာ | မေမြို့ငါးပွင့် | ဝါးရွက်လေးရွက် | အုန်းညွန့်ကို နှစ်ဘက်စလုံးတွင် နင်းရန် |
| အင်္ဂါ | သီဟိုဠ်ခြောက်ရွက် | မေမြို့ငါးပွင့် | ကံ့ကော်ညွန့်ကို နှစ်ဘက်စလုံးတွင် နင်းရန် |
| ဗုဒ္ဓဟူး | နှင်းဆီခုနစ်ပွင့် | သီဟိုဠ်ခြောက်ရွက် | ဇော်စိမ်းကို နှစ်ဘက်စလုံးတွင် နင်းရန် |
| ကြာသပတေး | အုန်းတစ်ညွန့် | နှင်းဆီခုနစ်ပွင့် | ဝါးရွက်ကို နှစ်ဘက်စလုံးတွင် နင်းရန် |
| သောကြာ | ကံ့ကော်နှစ်ညွန့် | အုန်းတစ်ညွန့် | မေမြို့ကို နှစ်ဘက်စလုံးတွင် နင်းရန် |
| စနေ | ဇော်စိမ်းသုံးညွန့် | ကံ့ကော်နှစ်ညွန့် | သီဟိုဠ်ရွက်ကို နှစ်ဘက်စလုံးတွင် နင်းရန် |

ညာခြေထောက်အောက် နင်းသောပန်း၊ ဘယ်ခြေထောက်အောက် နင်းသောပန်း၊ ချွင်းချက်သဘောဖြင့် နင်းသောပန်းတို့ကို နေမကောင်းဖြစ်သည့်အခါ၌လည်း ခါးအောက်ပိုင်းမှ ခြေဖျားအထိ အိပ်ရာအောက်တွင် ခင်း အိပ်ပါ။

မိတ္တူကူး၍ အသုံးပြုနိုင်ပါသည်။ မင်းသိင်္ခ



www.burmeseclassic.com

www.burmeseclassic.com



# မရမရှိ လိုတရစေသော စာရွက်

တစ်နေ့သ၌ ကျွန်ုပ်ထံသို့ မိန်းကလေးတစ်ဦးရောက်လာလေ၏။ ထိုမိန်းကလေးသည် ကျွန်ုပ်နှင့် တွေ့လျှင်တွေ့ချင်း-

"သမီးယောကျ်ားဟာ လောင်းကစားတွေ လုပ်ပြီး မလျော်နိုင်လို့ ထွက်ပြေးသွားတယ်၊ နောက်တစ်ခုက သမီးကြိုးပမ်းထားတာတွေ ဘာမှဖြစ်မလာဘူး၊ သမီးသူငယ်ချင်းတွေနဲ့အတူ တယ်လီဖုန်း လျှောက်ထားတယ်၊ သူတို့အကုန်လုံးရတယ်၊ သမီးမရဘူး. . ."

ဟု ပြောလေ၏။ ကျွန်ုပ်လည်း 'လိုတရ' စာရွက်တစ်ရွက် ရေးပေးလိုက်၏။ ထိုသို့ရေးပေးပြီးနောက်-

"အဲဒီစာရွက်မှာ ကွက်လပ်ကလေး(၆)ခု ပါတယ်၊ အဲဒီကွက်လပ်ထဲမှာ သမီးရဲ့နေ့နံကို ရေးထည့်ရမယ်၊ သမီးဘာဘာနေ့ သမီးလဲ. . ."

ဟု မေးလိုက်ရာ ၎င်းက-



www.burmeseclassic.com

www.burmeseclassic.com



"တနင်္လာသမီးပါ အဘ. . ."

ဟု ပြောလေ၏။

"အဲလိုဆိုရင် ကွက်လပ်ထဲမှာ (၂)ဂဏန်းလေးတွေ ရေးရမယ်၊ ပြီးတော့မှ ဖယောင်းတိုင်မှာ ပတ်ပြီး မီးထွန်းရမယ်၊ မအောက်က ပန်းကန်ပြားခံပြီး မီးထွန်းရမယ်၊ (၉)ရက် ထွန်းရမယ်. . .၊ ဒီစာရွက်ကလေးကို မိတ္တူကိုးစောင် ကူးလိုက်ပေါ့. . ."

ဟု ကျွန်ုပ်က မှာကြားလိုက်လေ၏။ ထိုမိန်းကလေးလည်း ပြန်သွားလေ၏။ တစ်ပတ်ခန့် ကြာသောအခါ ကျွန်ုပ်ထံသို့ ပြန်၍ ရောက်လာ၏။

"အဘပြောတဲ့အတိုင်းလုပ်လိုက်တာ တယ်လီဖုန်း ရတယ် အဘရေ. . .၊ အဲဒီတော့ ယောကျ်ား လျှော်ရမယ့်ငွေတွေစိုက်ပြီး မလျှော်လိုက်တယ်၊ အဲဒီတော့ ယောကျ်ားလည်း အိမ်ပြန်ရောက်နေပြီ. . ."

ဟု ဝမ်းသာအားရ ပြောလေ၏။

ထို့နောက် ကျွန်ုပ်စားရန်ဟုဆိုကာ မုန့်လက်ကောက်နှင့် ထန်းလျက်ရည်များ ပေးသွားလေတော့၏။ ကျွန်ုပ်လည်း မုန့်လက်ကောက်ကို မကြိုက်သော်လည်း သာဓု သုံးကြိမ် ခေါ်လိုက် ရလေတော့သတည်း။

"သာဓု. . . သာဓု. . . သာဓု. . ."

သဗ္ဗေသတ္တာ ကမ္မသကာ

မင်းသိခ်




www.burmeseclassic.com

www.burmeseclassic.com



# လိုတရဖယောင်းတိုင်



မိတ္တူကူး၍ အသုံးပြုနိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com


# ဘိုးဒေါ်ကြီးကို တိုင်တည်ပါ

တစ်နေ့သ၌ ကျွန်ုပ်၏ မိတ်ဆွေ"ကိုပြောင်ကြီး" ဆိုသူသည် ကျွန်ုပ်ထံသို့ ရောက်ရှိလာလေ၏။ ထို့ကြောင့် ကျွန်ုပ်က-

"ကဲ ကိုပြောင်ကြီး ဘာတွေ ဒုက္ခတွေ့လာပြန်ပြီလဲ"

ဟု မေးလိုက်ရာ ကိုပြောင်ကြီးက-

"ကြိုးစားပြီး အလုပ်လုပ်ပါလျက် ဘဝမှာ မပြည့်စုံတာတွေ ပြောပြချင်လို့ပါ. . .၊ ကျွန်တော့်လောက် ကြိုးစားတဲ့လူလည်း ကျွန်တော်ပဲရှိတယ်. . .၊ ကျွန်တော့်လောက် အလုပ်လုပ်တဲ့လူလည်း ကျွန်တော်ပဲရှိတယ်၊ ဒါပေမယ့်လို့ ပြည့်စုံမှုရှိတယ်လို့ကို မရှိပါဘူး ဆရာရယ်. . .၊ ဥပမာဗျာ ဒီနေ့ခေတ်မှာ အိမ်တိုင်းလိုလိုမှာ တီဗွီရှိတယ်၊ အောက်စက်ရှိတယ်၊ စလောင်းရှိတယ်၊ ကျွန်တော့် အိမ်မှာ မရှိဘူးဗျာ. . .၊ အဲဒါလေးတွေ ဝယ်ဖို့ ကြိုးစားတိုင်း အဆင်မပြောက်ခဲ့ဘူး. . .၊ လူတိုင်းလိုလို တယ်လီဖုန်းရှိတယ်၊


www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်မှာ မရှိဘူးဆရာရယ်. . .၊ မော်တော်ကား ဆိုတာ ကတော့ အိပ်မက်တောင် မမက်ဘူးပါဘူး ဆရာရယ်. . .၊ ကြာတော့ သား၊သမီးတွေကတောင် အထင်သေးလာပြီ၊ အဖေ ယိုပ်ညံ့တာပဲတဲ့၊ အဲဒါ နည်းကောင်းလမ်းကောင်းလေး ပေးစမ်း ပါဦး၊ ဆရာရယ်. . . ”

ဟု သနားဖွယ်ရာ ပြောလေတော့၏။

"အဲဒါ ကျုပ်မတတ်နိုင်ဘူးဗျ. . .၊ အဲဒီကိစ္စအတွက် တို့၊သိကြားကို တိုင်တည်ရမယ်. . .၊ ဒါမှ အကျိုးများမှာ၊ အဲဒီ တိုင်တည်တဲ့ပွဲကလည်း တစ်ပတ်မှာ (၂)ရက်တည်း ရှိတယ်၊ တနင်္ဂနွေနေ့နဲ့ သောကြာနေ့ပဲရှိတယ်၊ ကြွေပန်းကန် ပြားပေါ်မှာ ဖီးကြမ်းငှက်ပျောသီး ပျော်ပျော်ဆယ်လုံး၊ အခွံခွာ ပြီး စီပြီးထည့်ထားရမယ်၊ နေရာမဆန့်ရင် ထပ်ပြီးထည့်လို့ ရတယ်၊ ပြီးတော့မှ သကြား(၁၅)ကျပ်သားကို အပေါ်က ဖြူးရမယ်၊ ပြီးရင် အဲဒီငှက်ပျောသီးပုံပေါ်မှာ ဖယောင်း တိုင်တစ်တိုင်စိုက်ရမယ်၊ ဖယောင်းတိုင်မှာတော့ ကျုပ်ရေး ပြထားတဲ့ သိကြားစမ ပုံတော်ကို ကပ်ရမယ်၊ မနက်(၅)နာရီ ထိုးလောက်မှာ မီးထွန်းပြီး သိကြားမင်းကို တိုင်တည်ရ မယ်. . .၊ ပြည့်စုံဖို့အတွက်ပေါ့ဗျာ. . . ”

ဟု ကျွန်ုပ်က ပြောလိုက်လျှင် ကိုပြောင်ကြီးက-

"သကြားစမ ကျွန်တော်မဆွဲတတ်ဘူးဆရာရဲ့. . .၊ ဆရာဆွဲပြထားတဲ့ပုံကိုပဲ ကူးပြီးသုံးလို့ ရသလား. . . ”

ဟု ပြန်၍မေးလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ်ဗျာ. . . ခင်ဗျား အဲဒီလိုသုံးဖို့ ဆွဲပြထားတာပဲ. . .၊ သောကြာနေ့ တနင်္ဂနွေနေ့ကြုံတိုင်းလုပ်ဗျာ. . .၊ ကြာကြာမလုပ်ရပါဘူး အကျိုးထူးလာမှာပါ. . ."

ဟု ကျွန်ုပ်က ပြောလိုက်လျှင် ကိုပြောင်ကြီးက-

"စောစောက ဆရာ့ဆီမလာမိတာ ကျွန်တော့်အဖို့ အများကြီးနစ်နာတာပဲ. . ."

ဟု ပြော၍ ပြန်သွားလေ တော့၏။

အထက်ပါ အဖြစ်အပျက်များ ဖြစ်ပွားပြီး များမကြာမီ၌ပင် ကိုပြောင်ကြီးသည် ကျွန်ုပ်ထံသို့ ရောက်လာပြန်၏။ ဤတစ်ခေါက်တွင်မူ ရှမ်းစတားဂျစ်ကို ကိုယ်တိုင်မောင်း၍ ရောက်လာခြင်းဖြစ်၏။

"ဆရာရေ. . . ဆရာပြောလိုက်ကတည်းက ငှက်ပျောသီးနဲ့ ဘိုးသိကြားကိုတိုင်တည်လိုက်တာ ဘိုးသိကြားတော့ ဘယ်လောက် နားငြီးလိုက်မလဲမသိဘူး. . .၊ ကျွန်တော့်မှာ တော့ အတော့်ပြည့်စုံသွားပြီ. . .၊ ကျွန်တော့်ကားနဲ့ ကန်တော်ကြီးလိုက်ပြီး စီးစမ်းပါဦး . . .၊ ဆရာ့ကို တင်ပြီး မောင်းချင်လို့ပါ"

ဟု ဆိုသဖြင့် ကျွန်ုပ်လည်း ကန်တော်ကြီးတစ်ပတ် ကားလိုက်၍ စီးရလေ၏။ ကိုပြောင်ကြီးသည် ကျေနပ်ပျော်ရွှင်နေပုံရ၏။ ကျွန်ုပ်လည်း ၎င်းနှင့်အတူ ပျော်ရွှင်ပီတိ ဖြစ်ရလေ တော့သတည်း။ သဗ္ဗေသတ္တာ ကမ္မဿကာ




www.burmeseclassic.com

www.burmeseclassic.com



## တဒိုးသိကြား တိုင်တည်ရန်



မိတ္တူကူး၍ အသုံးပြုနိုင်ပါသည်။ မင်းသိခ်



www.burmeseclassic.com

www.burmeseclassic.com



# ပြန်လာစေသော စာရွက်ကလေးတစ်ရွက်

တစ်နေ့မှာ ကျွန်ုပ်ထံသို့ မိန်းကလေးတစ်ဦး ရောက်လာ၏။ ထိုမိန်းကလေးသည် ကြိမ်ဖန်များစွာ ငိုထားရသောကြောင့် မျက်လုံးများမှာ အစ်၍ နေ၏။

"အဘရယ်. . . ကယ်ပါဦး၊ သမီးရဲ့ယောကျ်ား အိမ်နားက မိန်းမတစ်ယောက်နဲ့ လိုက်ပြေးလို့၊ သမီးမှာ ကလေးတစ်ယောက်နဲ့ ဒုက္ခရောက်နေရပြီ. . ."

ဟု ပြောလေ၏။ ပြောရင်းနှင့်လည်း တရှုံ့ရှုံ့ ငိုနေလေတော့၏။ ထို့ကြောင့် နှစ်သိမ့်စကားပြောရလေ၏။ ထိုအခါ



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးက-

"အဲဒီမိန်းမကလည်း လွတ်လွတ်လပ်လပ် မဟုတ်ဘူး၊ ယောကျ်ားရှိတယ် အဘရဲ့. . ."

ဟု ပြောလျှင်-

"ဒီလိုရှိတယ် မိန်းကလေး၊ အခု စာရွက်တစ်ရွက်ပေါ်မှာ ဂါထာတစ်ပုဒ်ရေးပေးလိုက်မယ်၊ အဲဒီ ဂါထာစာရွက် ကလေးကို ဖယောင်းတိုင်တစ်တိုင်မှာပတ်၊ ပန်းကန်ပြားတစ်ချပ်ခံပြီး ထွန်းလိုက်ပေတော့. . .၊ ထွန်းတဲ့အခါမှာ မင်းယောကျ်ား အိပ်တဲ့ အိပ်ရာမှာ ထွန်း. . . ကြားလား. . ."

ဟု ကျွန်ုပ်က ပြောလိုက်လေ၏။

"သမီးယောကျ်ားက သမီးနဲ့အတူ အိပ်တာပဲ အဘရယ် . . ."

ဟု ပြန်၍ ဖြေလေ၏။

"အဲဒီလိုဆိုလည်း အဲဒီအိပ်ရာမှာပဲ ထွန်းလိုက်၊ အဲဒီနည်းက အဘရဲ့နည်းမဟုတ်ဘူးကွယ့်. . .၊ ဒိဗ္ဗစက္ခု ဆရာကျော်ဆိုတာ ရေးသွားတဲ့ ကျမ်းစာအုပ်က နည်းကွဲ့. . .၊ ထွက်သွားတဲ့လူတွေ အမြောက်အမြားကို ဒီနည်းနဲ့ပဲ ပြန်ခေါ်ဖူးတယ်၊ ခေါ်သမျှမှာ မလာတဲ့လူ မရှိသေးဘူး. . ."

ဟု ကျွန်ုပ်က ပြောလိုက်လေ၏။

ထိုမိန်းကလေးလည်း ကျွန်ုပ်ပေးသော စာရွက်ကလေးကို ယူကာ ဝမ်းမြောက်စွာဖြင့် ပြန်သွားလေ၏။ (၃)ရက်ခန့်



www.burmeseclassic.com

www.burmeseclassic.com



ကြာသော အခါ ကျွန်ုပ်ထံသို့ ပြန်ရောက်လာလေ၏။

"ပြန်လာပြီအဘ. . .၊ ဟိုမိန်းမရဲ့ယောကျ်ားက မယား ခိုးမှုနဲ့ ဖမ်းမယ်ဆိုတော့ သူလည်းလန့်ပြီး အဲဒီမိန်းမကို ထားပြီး အိမ်ပေါ်ပြန်တက်လာတာပဲ. . ."

ဟု ဆိုကာ ကျွန်ုပ်အား ကျေးဇူးတင်လွန်းသဖြင့် ဘီစကွတ် အကြီးတစ်ထုပ်ကို ကန်တော့ပြီးလျှင် ပျော်ရွှင်စွာ ပြန်သွားလေ တော့၏။ ပြန်ခါနီးတွင် ထိုမိန်းကလေးက-

"ဘယ်သူ ထွက်သွားထွက်သွား. . .၊ ဒီနည်းနဲ့ရသလား . . ."

ဟု မေးသွားလေ၏။

"ဒီမှာ မိန်းကလေး. . .၊ ဘယ်သူပဲဖြစ်ဖြစ် ဘာ အကြောင်းနဲ့ပဲ ထွက်သွား ထွက်သွား. . .၊ ပြန်ကိုလာရတယ် ကလေးမရေ . . .၊ ကျုပ်တစ်သက်လုံး သုံးနေတာ ဒီစာရွက် တလေးပဲ. . ."

ဟု ပြောလိုက်လျှင် မိန်းကလေး သည် ပြုံးဖြဲဖြဲဖြင့်-

"အိမ်ကကောင်. . . ဒီတစ်ခါ ထွက်သွားရဲ ထွက်သွား ကြည့် . . .၊ ဒါလေးထွန်းလိုက်မယ်. . ."

ဟု ပြောသွားလေတော့၏။

သဗ္ဗေသတ္တာ ကမ္မဿကာ

www.burmeseclassic.com

www.burmeseclassic.com



။ဌင်လင်ဂုဏ္ဍမွှေကြီးငုံစေး ဖြိုးငါ်ယါထိစ္စ

[illegible]

[illegible]

[illegible]

[illegible]

မြှုပ်ဒိုမြွေပေးလာခလေမြှုပ်မိငြေ ပေပေခေခလေလာနြှုပြ



www.burmeseclassic.com

www.burmeseclassic.com





# မရမရှိသော အလုပ်ရနည်း

တစ်နေ့သ၌ ကျွန်ုပ်နှင့် သိကျွမ်းသော 'မောင်မောင်ဘဘ' ဆိုသည့် သူငယ်လေးတစ်ဦး ကျွန်ုပ်ထံသို့ ရောက်ရှိလာလေ၏။ ထိုသူငယ်လေး၏ မိဘများသည် လွန်စွာချမ်းသာကြကုန်၏။ ထို့အတူ ဆွေမျိုးများလည်း ချမ်းသာကြကုန်၏။ မောင်မောင်ဘဘသည် ကျွန်ုပ်နှင့် တွေ့လျှင်တွေ့ချင်း-

"အဘ. . . ကျွန်တော် အိမ်ထောင်ကျသွားပြီ၊ မိဘဆီကလည်း လက်ဖြန့်ပြီး မတောင်းချင်ဘူး၊ ကိုယ့်အလုပ်နဲ့ ကိုယ်ရှာပြီး စားချင်တယ်၊ ကျွန်တော့်ကို ကူညီပါ အဘ. . . "

ဟု ပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဆိုရင်လည်း ဆေးဝယ်ပြီး ကျွန်တော်သုတ်ပေးမယ်၊ လခစား ပေ့ါ အဘရယ်၊ သုံးသောင်းနဲ့လည်း လုပ်နိုင်ပါတယ်၊ လခနဲ့ မခိုင်းဘူး၊ ပုတ်ပြတ်ခိုင်းမယ်ဆိုရင်လည်း ၁၀ ပေတစ်ကွက်ကို ငါးထောင်နဲ့ ကျွန်တော်လုပ်နိုင်ပါတယ်၊ အဲဒီ အလုပ်နှစ်ခု ထဲက တစ်ခုခု ကျွန်တော်ရချင်ပါတယ်. . . ”

ဟု ပြောလေ၏။

“ဒီလိုလုပ်ကွာ. . .၊ မင်းသူဌေးဦးသိန်းထိုက်ရုံးခန်းကို မြင်လောက်တဲ့နေရာကို သွား. . .၊ အဲဒီနေရာက မြေကြီး လက် တစ်ဆုပ်ယူလာခဲ့. . .၊ စာအိတ်နဲ့ထည့်ထား၊ မင်းကို အဲဒီသူဌေးက ပိုက်ဆံထုတ်ပေးရင် ဘဏ်တိုက်က ထုတ်ပေး မှာ. . .၊ အဲဒီ ဘဏ်တိုက်ကို မြင်လောက်တဲ့နေရာက မြေကြီးလက်တစ်ဆုပ် ယူလာခဲ့. . .၊ သူဌေးဆီက ငွေတွေ ရရင် မင်းက စတိုးဆိုင်က မင်းလိုချင်တဲ့ ပစ္စည်းတွေတက်ပြီး ဝယ်မှာ. . .၊ အဲဒီတော့ စတိုးဆိုင်ကြီးတစ်ဆိုင်ကို မြင်လောက် တဲ့နေရာသွားပြီး မြေကြီး လက်တစ်ဆုပ်ယူလာခဲ့၊ ပြီးတော့ တောင်မြောက်တန်းနေတဲ့ ရထားလမ်းက မြေကြီး လက်တစ်ဆုပ် ယူလာခဲ့. . .၊ အခုမင်းကို ငါယူခိုင်းတာ မြေကြီး ဘယ်နှစ်မျိုး ရှိပြီလဲ. . . ”

ဟု မေးလိုက်ရာ ၄င်းက-

“မြေကြီး(၄)မျိုးရှိပြီ အဘ၊ သူဌေးရုံးခန်းကို မြင်လောက် တဲ့ နေရာက မြေကြီးရယ်၊ ဘဏ်တိုက်ကို မြင်လောက်တဲ့



www.burmeseclassic.com

www.burmeseclassic.com



နေရာက မြေကြီးရယ်၊ စတိုးဆိုင်ကို မြင်လောက်တဲ့နေရာက မြေကြီးရယ်၊ တောင်မြောက်တန်းနေတဲ့ ရထားလမ်းနေရာက မြေကြီးရယ်(၄) မျိုးပါ အဘ. . .”

ဟု ဖြေလေ၏။

“ဟုတ်ပြီ. . .၊ အဲဒီ မြေကြီး(၄)မျိုးကို ရောပစ်လိုက်၊ ပြီးတော့ စားပွဲပေါ်မှာ အဲဒီမြေကြီးတွေကို စက်ဝိုင်း သဏ္ဍာန်ပုံလိုက်. . .၊ အဲဒီစက်ဝိုင်းရဲ့ အလယ်ခေါင်တည့် တည့်မှာ ဖယောင်းတိုင်တစ် တိုင်ထွန်းလိုက်. . .၊ ပြီးတော့ အဲဒီသူဌေးဆီက အလုပ်ရပြီလို့ အာရုံပြုပြီး

‘**အ–အာ–ဣ–ဤ–ဥ–ဦ–ဧ–အဲ–ဩ–ဪ–အံ–အား**’ ဆိုတဲ့ သရ(၁၂)လုံးကို (၂၇)ကြိမ်ရွတ်လိုက်၊ ပြီးရင် ထွန်းထားတဲ့ ဖယောင်းတိုင်ကို လက်နှစ်ဖက်နဲ့ ‘**အလုပ်ရပြီ**’ ဆိုပြီး ရိုက်သတ်လိုက်၊ ပြီးတော့ မြေကြီးတွေကို ပြန်စုပြီး စာအိတ်ကြီး တစ်အိတ်ထဲကိုထည့်. . .၊ ပြီးတော့ အဲဒီစာအိတ် ကို မင်းရဲ့ လွယ်အိတ်ထဲထည့်. . .၊ သူဌေး ဦးသိန်းထိုက်နဲ့ မတွေ့တွေ့အောင် ကြိုးစားပြီး အလုပ် လိုချင်တဲ့အကြောင်း ပြောပြ. . . .၊ ဒီနည်းဟာ မရမရှိတဲ့ အလုပ်ရနည်းပဲကွ. . .၊ ပြောတဲ့အတိုင်း သေချာလုပ် . . .”

ဟု ကျွန်ုပ်က ပြောပြလိုက်လေ၏။

မောင်မောင်ဘဘလည်း ကျွန်ုပ်၏ ဆေးလိပ်ဗူးအတွင်းမှ ဆေးလိပ်တစ်လိပ်ကို ယူသောက်ပြီးလျှင် ပြန်သွားလေ



www.burmeseclassic.com

www.burmeseclassic.com



တော့၏။ တစ်လမန့်ကြာသောအခါ၌ ၄င်းသည် ကျွန်ုပ်ထံသို့ ရစ်ကြွပ်စေတတ်သည့် အချိုရည်ဗူးများ၊ စားပြီးလျှင် အစာမကြေဖြစ်မည့် ပေါင်မုန့်များ၊ ရောဂါဖြင့်သေသည့် ကြက်ဖြင့် ချက်ထားသည့် ဒံပေါက်များ ဝယ်ကာ ရောက်ရှိလာလေတော့၏။ ပြီးလျှင်-

"ကျွန်တော်အလုပ်ရသွားပြီ. . .၊ အဲဒါ အဘကို လာကန်တော့တာ. . ."

ဟု ပြောလေတော့၏။

"ပြီးခဲ့တဲ့လက အလုပ်ရတာ အဘ. . .၊ အဘပြောတဲ့အတိုင်း၊ လုပ်ပြီးတာနဲ့ ကျွန်တော် သူ့ကို သွားပြီးတွေ့တာ၊ ကျွန်တော့် စကားဆုံးတာနဲ့ အလုပ်တန်းပြီး ခန့်လိုက်တာပဲ၊ တစ်လသုံးမသောင်းနဲ့ ဒီနေ့လခထုတ်တယ်လေ အဘရဲ့၊ အဲဒါကြောင့် အဘကို လာပြီး ကန်တော့တာ. . ."

ဟု ပြောကာ ကျွန်ုပ်၏ စီးကရက်ဘူးအတွင်းမှ စီးကရက်တစ်လိပ်ကို နှိုက်ကာ ရှိုက်ဖွာပြီးလျှင် ပျော်ရွှင်မြူးတူးစွာ ပြန်သွားလေတော့သတည်း။

သဗ္ဗေသတ္တာ ကမ္မသကာ

မင်းသိခ်



www.burmeseclassic.com

www.burmeseclassic.com



# ပန်းကာနိုပြားပေါ်က သရ(၁၂)လုံး

တစ်နေ့သ၌ ကျွန်ုပ်ထံသို့ ကျွန်ုပ်နှင့်ရင်းနှီးသော လူငယ်တစ်ဦး ရောက်ရှိလာလေ၏။ ထိုလူငယ်သည် ကျွန်ုပ်နှင့် တွေ့လျှင် တွေ့ချင်း-

"ကျွန်တော်ကတော့ ဒုက္ခတွေ ပင်လယ်ဝေနေပြီ ဆရာကြီးရေ...၊ ကယ်ပါဦး..."ဟု ပြောလေ၏။ ထို့ကြောင့် ကျွန်ုပ်က-

"နေစမ်းပါဦး မောင်မိုးအောင်ရဲ့...၊ မင်းက အခုဘာတွေ လုပ်နေတာလဲ..." ဟု မေးလိုက်ရာ ၎င်းက-

"အမေ မသေခင်က အမေ့ပိုက်ဆံနဲ့ ဗွီဒီယိုတစ်ကား ရိုက်တယ်၊ ကျွန်တော်က မင်းသားပေါ့၊ ရှုံးလိုက်တာ မပြောပါနဲ့တော့ ဆရာကြီးရယ်...၊ အမေမမာတော့ ဆေးကုဖို့ ပိုက်ဆံတောင် မရှိတော့ဘူး၊ အမေသေသွားတော့ ကျွန်တော် ဗွီဒီယိုဆက်ရိုက်တယ်၊ အနိမ့်ကားလေးတွေပေါ့ ဆရာကြီးရေ၊ အဲဒီမှာ ကျွန်တော်က ဒုတိယဇာတ်လိုက် လုပ်ရတယ်၊ မအောင်မြင်ပါဘူး ဆရာကြီးရယ်...၊ အခုဆိုရင် ကျွန်တော်ပါ



www.burmeseclassic.com

www.burmeseclassic.com



တဲ့ ကား၊ထုတ်ဆိုရင် နယ်က ဝယ်တောင် မဝယ်တော့ဘူး၊ တကယ်မပြောရရင် ကျွန်တော်တို့ လူမျိုးဟာ အနုပညာတတ်ခဲ နည်းပါးတယ် ဆရာကြီးရဲ့. . . ၊ ကျွန်တော့်ကို လက်မခံတာတစ်ခုတည်းနဲ့ကို အကဲဖြတ်နိုင်ပါတယ်၊ ကားထုတ် တော်တော်များများမှာ ဒုတိယမင်းသား လုပ်ခဲ့လေတော့ တတ်စကား၊ စီးလို့ မရတော့ဘူး၊ လူတွေက ကျွန်တော်ကို သိနေကြတယ်၊ အဲဒါကြောင့် ကားတစ်စီး ဝယ်စီးတယ်၊ ကျွန်တော် ဝယ်တဲ့ ကားကလည်း ဟွန်းကလွဲပြီး ကျန်တာ အားလုံး အသံမြည်နေတယ်၊ ပြန်ရောင်းတော့လည်း ဘယ်သူမှ မဝယ်ဘူး ဆရာကြီးရယ်. . . ၊ ကျွန်တော့် အမျိုးတွေကလည်း ကျွန်တော့်ကို ဆေးဖော်ကြောဖက်တောင် မလုပ်တော့ဘူး ဆရာကြီးရယ်. . . "

ဟု ပြောလေ၏။ ထိုအခါ ကျွန်ုပ်က-

"ငါ မင်းပါတဲ့ ဗွီဒီယိုကားကို ကြည့်ဖူးတယ်ကွ၊ ကလေးတွေ ယူလာလို့. . . ၊ ကားနာမည်က "ချစ်သူကသေ မောင်စကကြေ" ဆိုတဲ့ကားကွာ. . . ၊ နောက်တစ်ကားလည်း ကြည့်ဖူးသေးတယ်၊ 'လည်ပင်းကို နင်းပြီး အပူထုတ်ပေးပါ' ဆိုတဲ့ကားလေ. . . ၊ မင်းက အဲဒီမှာ သူဌေးသားအဖြစ် သရုပ်ဆောင်ရတယ်လေ၊ သူဌေးသားနဲ့ မတူဘူး၊ ကားစပယ်ယာနဲ့ တူနေတယ်၊ အရေးထဲ မင်းက စကားမပီသဘူးကွ၊ 'ငါ မင်းကို သတ်ပစ်မယ်' လို့ ပြောရမယ့်နေရာမှာ 'ငါ မင်းကို တတ်ပစ်မယ်' လို့ပြောတယ်၊ နောက် မင်း တစ်ကား ကြော်ငြာထားတာ ရှိသေးတယ်လေ. . . ၊ 'ပတ္တာရှိရင် တံခါး ရိုက်ပစ်မယ်' ဆိုတာလေ. . . ၊ အကောင်းဆုံးကတော့ မင်း



www.burmeseclassic.com

www.burmeseclassic.com



မရိုက်ပါနဲ့ ကွာ. . .၊ ဟိုကားမှာလည်း မင်းတော်တော်ညံ့တယ်၊ 'ကျားဖင် နှိုက်ပြီး ကျားအကြိုက် လိုက်မယ်' ဆိုတဲ့ ကားလေ . . .၊ ပရိသတ်ကမှ လက်မခံဘဲ၊ ကြည့်တဲ့သူတွေ စိတ်ညစ်အောင် မလုပ်ပါနဲ့ကွာ . . ."

ဟု ကျွန်ုပ်က ပြောလိုက်လျှင် မောင်မိုးအောင်က-

"မလုပ်တော့ပါဘူး ဆရာကြီးရယ်. . .၊ ကျွန်တော့်လည်း ခေါ်မယ့်လူ မရှိတော့ပါဘူး၊ ကျွန်တော့်နာမည်ပါတဲ့ ကားဆိုရင် နယ်က မဝယ်ဘူး ဆရာကြီးရဲ့. . .၊ အခုတော့ ကြွေးတွေလည်း ဝိုင်းနေပြီ၊ အိမ်လည်း ပေါင်ထားလို့ အိမ်ပေါ်က ဆင်းရတော့မယ်. . .၊ ပြီးတော့ ကျွန်တော်က အိမ်ထောင်ပြုလိုက်သေးတယ်၊ ဗွီဒီယိုမင်းသမီး အကျသုံးခုလပ်ကောင်မလေးနဲ့ အိမ်ထောင်ပြုလိုက်တယ်၊ အလွန်ပူဆာတတ်တဲ့ ကလေးသုံးယောက်လည်း ပါသေးတယ် ဆရာကြီးရဲ့၊ ကျွန်တော်ကတော့ ဗာရာဏသီသူဌေးသားလို ဖြစ်သွားပြီ၊ ခွက် ဆွဲရတော့မယ်. . ."

ဟု ညည်းညူ၍ ပြောဆိုလေ၏။

ထို့နောက် ၎င်းကပင်-

"အဆိုးဆုံးကတော့ လှဖေဆိုတဲ့ကောင်ပဲ၊ ဒီကောင်ကတော့ ကျွန်တော့်ရန်သူပဲ၊ ကြွေးရှင်က အိမ်ပေါ်က မဆင်းခိုင်းသေးဘူး၊ ဒီကောင်က ဆင်းခိုင်းအောင် လိုက်ပြောနေတယ်၊ သူလုပ်လို့ လင်မယားလည်း ကွဲပြီ၊ အဲဒါ လှဖေကို နိုင်အောင် လုပ်ပေးပါဦး၊ ဒီကောင့်ကို နိုင်ရင် ကျွန်တော့် ဒုက္ခတစ်ဝက်ငြိမ်းပြီး၊ ကြွေးကတော့ ကျွန်တော် အဆိုတော် လုပ်ပြီး ဖြည်းဖြည်းချင်းဆပ်မယ်၊ အခု ကျွန်တော် တီးဝိုင်း



www.burmeseclassic.com

www.burmeseclassic.com



မထောင်ထားတယ် ဆရာကြီးရဲ့. . .၊ 'ဒါးတီး ကလပ်' ဆိုတာ ကျွန်တော်ပဲပေါ့. . .၊ ဒါတွေထားပါတော့ ဆရာကြီးရယ်၊ လူဖေ မလှုပ်နိုင်အောင်သာ လုပ်ပေးပါ၊ ဒီကောင် လိုက်ပြီး ချွန်နေတယ် ဆရာကြီးရယ်. . ."

ဟု နားပူနားဆာ လုပ်လေတော့၏။ ထို့ကြောင့် ကျွန်ုပ်က-

"ဒီလို မောင်မိုးအောင်ရဲ့. . .၊ မင်းကို ဒုက္ခပေးတဲ့ကောင် ဒုက္ခမပေးနိုင်အောင်လုပ်ဖို့က **'အ-အာ-ဣ-ဤ-ဥ-ဦ-ဧ-ဲ--ဩ-ဪ-အံ-အား'** ဆိုတဲ့ စာ(၁၂)လုံးကို ကြေးပန်းကန်ပြား နှုတ်ခမ်းမှာ ပတ်ဝိုင်းပြီး ရေးရမယ်. . .၊ ထင်အောင်ရေးရမယ်၊ ပန်းကန်ပြားရဲ့ အလယ်ခေါင်မှာ ဖယောင်းတိုင်တစ်တိုင် ထွန်းရမယ်၊ ပြီးတော့ အဲဒီအသံထွက်(၁၂)လုံးကို (၂၇)ခေါက်ဆိုပြီး ဖယောင်းတိုင်မီးကို လက်ဝါးနှစ်ဖက်နဲ့ ရိုက်သတ်ရမယ်၊ ရိုက်သတ် တဲ့အခါမှာ 'လူဖေ. . . ငါ့ကို ဒုက္ခမပေးနိုင်စေနဲ့. . . လို့ပါးစပ်က ဆိုရမယ်၊ အဲဒီလို လုပ်လိုက်ရင် မင်းရဲ့ရန်သူလူဖေဟာ မင်းကို ဒုက္ခမပေးနိုင်တော့ဘူး. . ."

ဟု ပြောလိုက်ရာ မောင်မိုးအောင်လည်း ဝမ်းသာအားရ ပြန်သွားလေတော့၏။ (၅)ရက်ခန့်ကြာသောအခါ၌ မောင်မိုးအောင်သည် ကျွန်ုပ်ထံသို့ ပြန်ရောက်လာလေ၏။

"အတာ ပေးလိုက်တဲ့ ပန်းကန်ပြားပေါ်က သရ(၁၂)လုံးက အတော်စွမ်းတာပဲ၊ ကျွန်တော့်အနေနဲ့လည်း လောလောဆယ် အိမ်ပေါ်က ဆင်းပေးဖို့ မလိုသေးဘူး၊ အဲဒီ အတောအတွင်းမှာပဲ ကျွန်တော် အိမ်ထောင်ထပ်ကျသေးတယ် ဆရာကြီးရဲ့၊



www.burmeseclassic.com

www.burmeseclassic.com


စားသောက်ဆိုင်မှာ သီချင်းဆိုတဲ့ ကောင်မလေးနဲ့. . .၊ ဒီကောင်မလေးရဲ့ အဆိုတော်နာမည်က '၂၁ရာစု သံသေးသံညှောင်' တဲ့၊ ပန်းကုံးတွေ အတော်ရတယ် ဆရာကြီးရဲ့. . .၊ သူကတော့ အပျိုပါ၊ ကလေးလည်း မပါပါဘူး၊ ဒါပေမဲ့ ကြွေးတွေပါလာတယ်၊ ကြွေးက သိန်း (၁၀၀) လောက်ပါလာတယ်၊ ဘယ်တတ်နိုင်မလဲ ဆရာကြီးရယ်၊ ကျွန်တော် သီချင်းဆိုပြီး ဆပ်ရမှာပေါ့"

ဟု ပြောလေ၏။ ထို့နောက် ကျွန်ုပ်ကလည်း လိမ်လိမ်မာမာ သိုသိုသိပ်သိပ်နေရန် မှာကြားရလေ၏။ ထိုအခါ မောင်မိုးအောင် က-

"ဆရာကြီးရဲ့ ပန်းကန်ပြားပေါ်က စာ (၁၂)လုံးနည်းဟာ တခြားနေရာမှာရော သုံးလို့ရသလား. . ."

ဟု မေးလေ၏။

"ဉာဏ်ရှိသလို သုံးလို့ရတယ် ငါ့လူရေ. . ."

ဟု ကျွန်ုပ်က ပြောလိုက်ရာ မောင်မိုးအောင်လည်း ဝမ်းသာ ကြည်နူးစွာ ပြန်သွားလေတော့သည်။ တစ်ပတ်ခန့်ကြာသောအခါ ၎င်းအနေနှင့် မင်းသားအဖြစ်ပါသော ဗွီဒီယိုကားတစ်ကား၏ ဖိတ်စာတစ်စောင် လာ၍ ပေးလေတော့၏။

"ကားနာမည်လည်း ပြောပါဦးကွ. . ."

ဟု ကျွန်ုပ်က မေးလိုက်ရာ မောင်မိုးအောင်က-


"နောက်ဆုံးအသက်. . ."

ဟု ပြန်၍ဖြေကာ ကျွန်ုပ်က နှုတ်ဆက်၍ ပြန်သွားလေတော့သတည်း။ သဗ္ဗေသတ္တာ ကမ္မသကာ

မရမ်းဒီပ


www.burmeseclassic.com

## ပန်းကန်ပြားပေါ်က သရ(၁၂)လုံး




မိတ္တူကူး၍ အသုံးပြုနိုင်ပါသည်။

မင်းသိခ်

မရမ်းတောလင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



# မနောမယကွမ်းရွက်

တစ်နေ့သ၌ ကျွန်ုပ်နှင့် သိဟောင်းကျွမ်းဟောင်း ဖြစ်သော ဒေါ်သာဉာဏ်ဆိုသည့် အဒေါ်ကြီးတစ်ဦး ကျွန်ုပ်ထံသို့ ရောက်ရှိ လာလေ၏။ ထို့ကြောင့် ကျွန်ုပ်က-

"တဲ. . . ဆိုစမ်းပါဦး ဒေါ်သာဉာဏ်ရေ. . .၊ ဘာဒုက္ခတွေ သယ်လာပြန်ပြီလဲ. . ."

ဟု မေးလိုက်ရာ ဒေါ်သာဉာဏ်ကြီးက-

"အမှန်ပါပဲ. . .၊ ဒုက္ခတွေ တစ်ပုံတစ်ခေါင်းကြီးနဲ့ ရောက်လာတာပါ. . .၊ ကျုပ်က အခုအခါမှာ ဗွီဒီယိုကားတွေထဲမှာ အမေခန်းက ဝင်သရုပ်ဆောင်ပြီး အဲဒီက ရတဲ့ ငွေလေးနဲ့ စားသောက်နေရတယ်. . ."



www.burmeseclassic.com

www.burmeseclassic.com



ဟု စကားကို အစပျိုးလေ၏။ ထိုအခါ ကျွန်ုပ်က-

"ကျွန်တော် ကြည့်ရပါတယ်. . .၊ ခင်ဗျား သရုပ်ဆောင်တဲ့ကားတွေ. . .၊ အမေခန်းက သရုပ်ဆောင်တာ အမေနဲ့ မတူဘူး. . .၊ အိမ်စေမကြီးနဲ့ တူနေတယ်၊ ဟိုကားတစ်ကားမှာဆိုရင် သမီးကလေးက သဘောမတူတဲ့လူနဲ့ လိုက်သွားတာကို မင်ဗျားပိုမနေတာ ခင်ဗျား မျက်နှာက စပ်ဖြဲဖြဲ ဖြစ်နေတယ်၊ ငိုတာနဲ့ မတူဘူး၊ ပြောင်ပြနေသလို ဖြစ်နေတယ်၊ ခင်ဗျားနဲ့ အဲဒီအလုပ်နဲ့ မကိုက်ပါဘူး၊ ပရိသတ်ကို စော်ကားသလို ဖြစ်နေတယ်. . ."

ဟု ပြောလိုက်လျှင် ဒေါ်သာဉာဏ်ကြီးက-

"လုပ်လည်း မလုပ်ရပါဘူးတော်. . .၊ ခေါ်မယ့်သူ မရှိလို့ မလုပ်ရပါဘူး. . .၊ အခု ငတ်နေပြီ. . .၊ ဘာလုပ်စားရမှန်း တောင် မသိလို့ မောင်ခဆီ လာခဲ့တာပဲ၊ အကူအညီပေးပါဦးတော်. . ."

ဟု ပူဆာလေတော့၏။

"ဒီမှာ ဒေါ်သာဉာဏ်. . .၊ ခင်ဗျားရုပ်က ငိုကြွေးတဲ့ရုပ် မဟုတ်ဘူးဗျ. . .၊ ပျော်ရွှင်တဲ့ရုပ်ဗျ. . .၊ ပျော်စရာကောင်းတဲ့ အလုပ်တွေ လုပ်စားရမှာ. . .၊ အကောင်းဆုံးကတော့ စားသောက်ဆိုင်ဖွင့်ဗျာ. . ."

ဟု ကျွန်ုပ်က အကြံပေးလိုက်ရာ ၎င်းက-

"ပိုက်ဆံမရှိပါဘူးဆိုနေမှ စားသောက်ဆိုင် ဘာနဲ့ဖွင့်



www.burmeseclassic.com

www.burmeseclassic.com



ရမှာတုံး . . .”

ဟု ပြောလေ၏။

“ကျုပ် ခင်ဗျားကို မနောမယ ကွမ်းရွက်ကလေးနဲ့ တိုင်တည်နည်း သင်ပေးလိုက်မယ်၊ သေချာမှတ်ထားနော်၊ အရိုးပါ, ပါတဲ့ ကွမ်းရွက်ကလေးတစ်ရွက်ကို ချောတဲ့ဘက်မှာ နှမ်းဆီသုတ်ပြီး ကြွေပန်းကန်ပြားမှာ ကပ်လိုက်. . .”

ဟု ကျွန်ုပ်က ပြောလိုက်လျှင် ဒေါ်သာဉာဏ်ကြီးက-

“နှမ်းဆီမှပဲလားတော်. . .၊ ပဲဆီမရဘူးလား”

ဟု စောဒက တက်လေ၏။

“မရဘူး. . .၊ မရဘူး. . .၊ နှမ်းဆီတစ်မျိုးပဲရတယ်၊ နှမ်းက စနေနံဂြိုဟ်သက်(၁၀)၊ ဆီက အင်္ဂါနံဂြိုဟ်သက်(၈)၊ နှစ်ခုပေါင်း လိုက်တော့(၁၈)၊ အဲဒါမှ နဝင်းကိုက်တယ်၊ ပဲဆီတွေ ဘာတွေနဲ့ သွားမလုပ်နဲ့၊ မရဘူး. . .”

ဟု ကျွန်ုပ်က လေသံမာမာဖြင့် ပြောလိုက်ရာ ဒေါ်သာ ဉာဏ်ကြီးက-

“ကြွေပန်းကန်မှာ ကပ်ရမယ်ဟုတ်လား၊ သံပန်းကန် မရဘူးလား၊ သံပန်းကန်ဆိုပေမဲ့ ကြွေရည်သုတ်လေ. . .”

ဟု လုပ်ပြန်လေ၏။

“မရဘူး. . .၊ မရဘူး. . .၊ ကြွေပန်းကန်နဲ့ပဲ လုပ်ရမယ်၊ ကြွေက(၂)၊ ပန်းက(၅)၊ ကန်က(၂)၊ ဒါမှ နဝင်းကိုက်မှာ. . .၊ သံပန်းကန်တွေဘာတွေနဲ့ မလုပ်နဲ့မရဘူး၊ ပြီးတော့ လက်ကို



www.burmeseclassic.com

www.burmeseclassic.com



ထုံးတို့ပြီး အဲဒီကွမ်းရွက်ပေါ်မှာ စာရေးရမှာ. . .”

ဟု ကျွန်ုပ်က ပြောလိုက်လျှင် ဒေါ်သာဉာဏ်ကြီးက-

“လက်မနဲ့ ရေးရမယ်လို့တော်. . .၊ လက်ညှိုးနဲ့ ရေးရတယ်ဆို ဟုတ်သေးရဲ့. . .၊ မရဘူးလား”

ဟု အထွန့်တက်ပြန်လေ၏။

“မရဘူး. . .၊ မရဘူး. . .၊ လက်မနဲ့ပဲ ရေးရမယ်၊ လက်က(၄)၊ မက(၅)၊ ဒါမှနဝင်းကိုက်မှာ. . .၊ ရေးရမယ့်စာက တခြားစာမဟုတ်ဘူး၊ ‘နငယ်’ကို ရေးရမှာ”

ဟု ကျွန်ုပ်က ပြောလိုက်ရာ ဒေါ်သာဉာဏ်ကြီးက-

“ကောင်းပါပြီတော်. . .၊ အဲဒီလိုရေးပြီးတော့ ဘာလုပ်ရမှာတုံး. . .”

ဟု အထွန့်တက်ပြန်လေ၏။

“အဲဒီလိုရေးပြီးရင် အဲဒီကွမ်းရွက်ပေါ်မှာ ထန်းလျက်(၉)လုံး တင်ရမယ်. . .”

ဟု ကျွန်ုပ်က ပြောလိုက်ရာ-

“ကြံသကာမရဘူးလား. . .၊ ကြံသကာလည်း ချိုတာပဲ. . .”

ဟု ဒေါ်သာဉာဏ်ကြီးက ဆိုသဖြင့် ကျွန်ုပ်က-

“အတော်ရှုပ်တဲ့ အဘွားကြီးပဲ. . .၊ ချိုတာကို လိုချင်တာ မဟုတ်ဘူး. . .၊ ထန်းလျက်ဆိုတဲ့ဟာကို လိုချင်တာ. . .၊ ထန်းက ဂြိုဟ်က(၁၀)၊ လျက်က ဂြိုဟ်သက်(၁၇)၊



www.burmeseclassic.com

www.burmeseclassic.com



ပေါင်းလိုက်ရင်(၂၇) ရတယ်၊ အဲဒီနဝင်းခေတ်ကို လိုချင်တာ . . .၊ အဲဒါ ဘုရားကိုကပ်၊ ပြီးတော့ ဂုဏ်တော်ကိုးပါး ပုတီးစိပ်၊ (၉)ရက် လုပ်ရမယ်၊ ကွမ်းရွက် နွမ်းသွားရင် အသစ်ပြန်လဲရမယ်၊ ပြီးတော့ စားသောက်ဆိုင်တစ်ဆိုင် အမြန်ဆုံးဖွင့်နိုင်ပါစေလို့ ဆုတောင်းရမယ်. . .၊ ယုံယုံကြည်ကြည် လုပ်. . .၊ သွားပေတော့. . ."

ဟု ပြောလွှတ်လိုက်လေ၏။

ရက်အတန်ကြာသောအခါ၌ ဒေါ်သာဉာဏ်ကြီး ကျွန်ုပ်ထံသို့ ပြန်၍ရောက်လာ၏။

"မောင်ခရေ. . .၊ မင်းပြောတဲ့အတိုင်း ကွမ်းရွက်တွေ၊ ထန်းလျက်တွေနဲ့ လုပ်လိုက်တာ ငါ့တူမလေးကို သဘောကျပြီး ယူထားတဲ့ တရုတ်က အမှတ်(၃)လမ်းထဲမှာ စားသောက်ဆိုင် တစ်ဆိုင် ဖွင့်ပေးထားလို့ ငါတော့ 'ရွှင်ပျော်ပျော်' ဆိုတဲ့နာမည်နဲ့ စားသောက်ဆိုင် ဖွင့်နေရပြီ . . .၊ ပျော်စရာကောင်းလိုက်တာတော် . . .၊ စားသောက် ဆိုင်ကလည်း စည်ကားလိုက်တာ လူတွေ တအုံးအုံးနဲ့၊ မောင်ခကို တစ်ခုမေးရဦးမယ်. . .၊ မောင်ခအခုလုပ်ပေးလိုက်တဲ့ မနောမယကွမ်းရွက်က ဒီကိစ္စတစ်မျိုးတည်းလား၊ အခြားကိစ္စတွေရော သုံးလို့ မရဘူးလား . . ."

ဟု မေးလေ၏။

"ရတာပေါ့ဗျာ. . .၊ ဉာဏ်ရှိသလိုသုံးပေါ့. . ."



www.burmeseclassic.com

www.burmeseclassic.com


ဟု ကျွန်ုပ်က ပြောလိုက်လျှင် ဒေါ်သာဥာဏ်ကြီးက-

"မမောင်မလည်း ဆိုင်ကို ကြွခဲ့ပါဦး. . .၊ ပျော်စရာကောင်းတယ်၊ ကောင်မလေးတွေရှိတယ်. . ."

ဟု ပြောသဖြင့် ကျွန်ုပ်က-

"ကျုပ်က ဘာလာလုပ်ရမှာလဲ. . .၊ ခင်ဗျားဘာသာ မင်ဗျား ရွှင်ပျော်ပျော်မှာ ပျော်ပေတော့. . ."

ဟု ပြောသဖြင့် ဒေါ်သာဥာဏ်ကြီးသည် ရယ်မောရှ် ကျွန်ုပ်အား သရက်သီးသနပ်တစ်ပုလင်းနှင့် နွားနို့ပျစ်ပျစ်တစ်ပုလင်း လက်ဆောင်ပေးကာ ပြန်သွားလေတော့သတည်း။

သဗ္ဗေသတ္တာ ကမ္မသကာ

မင်းသိခ်




www.burmeseclassic.com

www.burmeseclassic.com



# မနောမယာကွမ်းရှက်



မရမ်းတလင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com


# ဘေးကင်းသော ကျွမ်းရှက်ကလေး

ကျွန်ုပ်ငယ်စဉ်က မိဘများ ဥပုသ်နေ့တွင် ဘုန်းကြီးကျောင်းသို့ ဥပုသ်ဆောက်သွားသည့်အခါ လိုက်ပါ၍ သွားလေ့ရှိ၏။ ကျွန်ုပ်မှာ ဥပုသ်ဆောက်ရန်မဟုတ်။ ကျောင်းတွင်ရှိသော ကျွန်ုပ်နှင့်ရွယ်တူ ကိုရင်ကလေးများ၊ ဘုန်းကြီးကျောင်းသားကလေးများနှင့် ကစားရန်ဖြစ်၏။ ကျောင်းသို့ရောက်သည်နှင့် ဆူညံအော်ဟစ်ကာ ကစားကြလေ၏။

တစ်နေ့တွင် ဆရာတော်ကြီးက ကျွန်ုပ်တို့အားလုံးအား ခေါ်ယူကာ-

"ကိုရင်တွေနဲ့ မောင်ကျောင်းသားတို့ နားထောင်ကြ၊ တစ်ခါတုန်းက တက္ကသိုလ်မှာ ပညာသင်ပြီးပြန်လာတဲ့ မင်းသားသုံးပါးဟာ ဘီလူး(၃၀)ကြီးစိုးတဲ့ တောထဲကို ရောက်သွားတယ်၊ ဘီလူးတွေက သူတို့ကို ဖမ်းပြီး စားမယ်လုပ်တော့တာပဲ၊ အဲဒီမှာ မင်းသားသုံးပါးအနက် ဉာဏ်ရှိတဲ့


www.burmeseclassic.com

www.burmeseclassic.com



မင်းသားက ဒီလိုလုပ်ပါတဲ့. . .၊ ကျုပ်တို့သုံးယောက်ရော မင်းများကို ဘီလူး(၃၀)ရော ဝိုင်းပြီး ရပ်နေမယ်. . .၊ ဟောဒီ အရပ်မြင့်မြင့် ဘီလူးကြီးကနေ ညာရစ်ရေမယ်၊ တစ် နှစ် သုံး၊ လေး ရေရမယ်၊ တစ်ဆယ်ကျတဲ့ နေရာမှာ ကျုပ်တို့မင်းသား ရှိရင်လည်း သတ်ပစ်လိုက်ပါ၊ ခင်ဗျားတို့ ဘီလူးရှိလည်း သတ်ပစ်မယ်၊ ကျေနပ်လားလို့ မေးတယ်၊ အဲဒီတော့ ဘီလူး (၃၀)ကလည်း ကျေနပ်တယ်လို့ ပြောတယ်။

အဲဒီမှာ ဉာဏ်ရှိတဲ့ မင်းသားက တစ်ဆယ်မကျတဲ့(၃) နေရာမှာ သူအပါအဝင် မင်းသားသုံးပါးကို နေရာချလိုက်တယ်၊ ဘီလူးတွေက ရေတာပေါ့. . .၊ ရေတဲ့အခါတိုင်း ဘီလူးပဲကျတယ်၊ ဘီလူးပဲ အသတ်ခံသွားရတယ်၊ နောက်ဆုံးမှာ ဘီလူး(၃၀) ကုန်သွားတယ်၊ မင်းသားသုံးပါး လွတ်သွားတယ်၊ မင်းသားသုံးပါးလွတ်အောင် ဘယ်နေရာမှာ နေတယ် ဆိုတာ မောင်ကျောင်းသားနဲ့ ကိုရင်တို့ စဉ်းစားပေတော့. . .” ဟု မိန့်တော်မူလေ၏။

အချို့မှာ ကျောက်သင်ပုန်းဖြင့် အချို့မှာ ခဲလုံးကလေးများဖြင့် ဘီလူး(၃၀)၊ မင်းသားသုံးပါးဟု နေရာချကြ၏။ နံနက်ထမင်းစားချိန်ရောက်သည့်တိုင်အောင် အဖြေမရသဖြင့် ကိုရင်ကလေးများလည်း ဆွမ်းငတ်ကြ၏။ ကျွန်ုပ်နှင့် ကျောင်းသားလေးများလည်း နံနက်စာ ထမင်းမစားကြရပေ။ ထိုအခါကျမှ ဆရာတော်ကြွလာပြီးလျှင်-



www.burmeseclassic.com

www.burmeseclassic.com



"ဘီလူး(၃၀)နဲ့ မင်းသားသုံးပါးဆိုတော့(၃၃)ပေါ့ကွာ . . .၊ အဲဒီ(၃၃)ဟာ ဗျည်း(၃၃)လုံးလို့ မှတ်ထားလိုက်၊ စရေတဲ့ အရပ်မြင့်မြင့် ဘီလူးဟာ (က) ပေါ့ကွာ. . .၊ ကျန်တာကတော့ အစဉ်အတိုင်း(ဂ)၊ (ဃ) တို့ပေါ့ကွာ. . .၊ အဲဒီတော့(ဈ)နေရာမှာ နေရင်၊ (ဘ) နေရာမှာနေရင်၊ (ဂ)နေရာမှာနေရင် (၁၀)လွတ်တယ်ကွ. . .၊ မင်းသားသုံးပါးဟာ အဲဒီမှာနေကြတာ. . .၊ အလွယ်မှတ်ထားဖို့ကတော့ 'ဈဘရဲ ဘေးမရှိ' ပေါ့ကွာ. . ." ဟု ပြောပြီးလျှင် ကွမ်းအစ်မှ ကွမ်း ရွက်များကိုယူ၍ ထုံးဖြင့် အောက်ပါ 'ဈဘရဲ' များရေးကာ ကျွန်ုပ်တို့အား ချီးမြှင့်လိုက်လေတော့သတည်း။

ကျွန်ုပ်သည် ထိုအချိန်က ဆရာတော်ရေးပေးသော ဈဘရဲ ကို မှတ်ထား၏။ နောင်တွင် ကျွန်ုပ်ဆရာဖြစ်လာသောအခါ၌လည်း ထို 'ဈဘရဲ' ကိုပင် ယတြာအဖြစ်လည်းကောင်း၊ အဆောင်အဖြစ်လည်းကောင်း အသုံးချခဲ့၏။ အောင်မြင်ခဲ့၏။ ထို့ကြောင့် ထိုကွမ်းရွက်ကို "ဘေးကင်းသောကွမ်းရွက်ကလေး' ဟု အမည်ပေးထား၏။ ယခုထက်တိုင်လည်း အသုံးချနေဆဲဖြစ်၏။ ကျွန်ုပ်၏ မိတ်ဆွေများ အလွယ်တကူ သုံးနိုင်စေရန် ကျွန်ုပ်၏ အဟောင်းပုံထဲမှ အကြောင်းစုံကို ဖော်ပြလိုက်ပေတော့သတည်း။

သဗ္ဗေသတ္တာ ကမ္မဿကာ




www.burmeseclassic.com

www.burmeseclassic.com



# တေးကောင်းသော ကွမ်းရွက်ကလေး



ပရမ်းတောလင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com





# ရောက်လေရာအရပ်မှာ ကောင်းမြတ်သော လာဘ်လာဘရွှင်စေသောနည်း

တစ်နေ့သ၌ ကျွန်ုပ်ထံသို့ ကျွန်ုပ်နှင့် သိဟောင်းကျွမ်းဟောင်းဖြစ်သော ကိုပီတာဆိုသည့် လူကြီးတစ်ဦးနှင့် အသက်(၁၂)နှစ်၊ (၁၃)နှစ်အရွယ် သူငယ်လေးတစ်ဦးတို့သည် အလည်အပတ် ရောက်ရှိလာကြလေ၏။ ၄င်းတို့နှင့် မရှေးမနှောင်း၌ပင် ဒေါ်သာဉာဏ်ဆိုသည့် အဒေါ်ကြီးတစ်ဦးလည်း ရောက်ရှိလာလေ၏။ ဒေါ်သာဉာဏ်ကြီးသည် လုံချည် အဖြူ၊ အင်္ကျီအဖြူဝတ်ဆင်ထားသည့်အပြင် ပိတ်စအဖြူတစ်ထည်ကိုပါ လက်ကန်တော့ ထိုးထားလေ၏။ ဆံပင်ကို ခေါင်းပေါ်တွင် ထုံးထားပြီးလျှင် ထိုဆံထုံးပေါ်တွင် နက်မှောင်နေသော



www.burmeseclassic.com

www.burmeseclassic.com



ပုတီးကြီးတစ်ကုံးကို ပတ်ထားလေ၏။

ကျွန်ုပ်သည် ၄င်းတို့အား လက်ဖက်ရည် အချိုနှင့် နံပြား ကို တိုက်ကျွေးလေ၏။ ဒေါ်သာဥာဏ်ကြီးသည် လက်ဖက် ရည်အချိုကို သောက်သော်လည်း နံပြားကို မစားပေ။

"မမောင်ခရယ်. . .၊ ဗေဒင်ဆရာလုပ်နေပြီး ပညတ် အမေါ်ဆိုတာတွေကိုလည်း မစားနဲ့၊ သူများလည်း မကျွေးနဲ့ . . .၊ နံပြားဆိုတာ နံလည်းနံတယ်၊ ပြားလည်းပြားရဦးမယ် ဆိုတော့ ဘယ်ကောင်းမှာတုံး. . ." ဟု ပြောလေ၏။ ထို့ကြောင့် ကျွန်ုပ်က-

"ဟောဟိုမှာ အီကြာကွေးတွေ စားပေတော့" ဟု ပြောရာ ဒေါ်သာဥာဏ်ကြီးက-

"အဲဒါလည်း မကောင်းပါဘူးတော်. . .၊ အီလည်း အီတယ်၊ ကြာလည်းကြာတယ်၊ ကွေးလည်းကွေးရဦးမယ်ဆို တော့ အသယ်လက်မကောင်းပါဘူး. . ." ဟု ပြောလေ၏။ ထိုအခါ ကျွန်ုပ်က

"ဒီလိုဆိုလည်း၊ ဟောဟိုကြောင်အိမ်ထဲမှာ ပေါင်မုန့်တွေ ရှိတယ် စားပေတော့. . ." ဟု ပြောရာ ဒေါ်သာဥာဏ်ကြီး က-

"ပေါင်ရန်ရတယ်ဆိုတာ မကောင်းပါဘူး၊ အဲဒါလည်း မစားပါရစေနဲ့. . ." ဟု ပြောလေ၏။ ထို့ကြောင့် ကျွန်ုပ်က-

"ဒီလိုဆိုလည်း ဟောဟိုကြောင်အိမ်ထဲမှာ ကိုတ်မုန့်ဗူး



www.burmeseclassic.com

www.burmeseclassic.com


ရှိတယ်" ဟု ပြောလျှင် ဒေါ်သာဉာဏ်ကြီးက-

"ကိတ်ဂြိုဟ်ဆိုတာ ကိုးဂဏန်းကိုပြောတာ. . .၊ အဲဒါကတော့ နဝင်းကိုက်တယ်၊ အဲဒါတော့စားမယ်. . ." ဟု ပြောလေ၏။

ကျွန်ုပ်သည် ၎င်းတို့အား ထားခဲ့ပြီးလျှင် မှော်ဘီဈေးသို့ သွားရလေ၏။ ဈေးမှပြန်လာသောအခါ ဝယ်လာသော ကျောက်ဖရုံသီးကို ထိပ်ဝမှလှီး၍ အတွင်းမှအူတိုင်နှင့် အစေ့များကို ထုတ်ပစ်လိုက်လေ၏။ ပြီးလျှင် ဝက်ကလီစာကို ငရုတ်သီး၊ ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ ချင်း၊ ပဲငံပြာရည်တို့ဖြင့် နယ်ဖတ်ကာ ကျောက်ဖရုံသီးအတွင်းသို့ထည့်လေ၏။ ပြီးလျှင် ထိုကျောက်ဖရုံသီးကို ကြွေပန်းကန်လုံးဖြင့် တည်ကာ ဒန်အိုးကြီးတစ်လုံးအတွင်းသို့ထည့်ကာ မီးပြင်းပြင်းဖြင့် ပေါင်းရလေ၏။ ထို့နောက် ဝက်ရိုးများကို ပြုတ်ကာ ဟင်းချိုချက်ရလေ၏။ ကျောက်ဖရုံသီး နူးအိသွားသောအခါ၌ ၎င်းတို့အား နံနက်စာ ထမင်းပွဲပြင်ဆင်၍ ကျွေးရလေ၏။ ဒေါ်သာဉာဏ်ကြီးသည် ထမင်းစားပွဲအလယ်မှ ကျောက်ဖရုံသီးအလုံးကြီးကို ကြည့်ကာ-

"ဒီအလုံးကြီးက ဘယ်လိုစားရမှာတုံး. . ." ဟု မေးလေ၏။

"နူးအိနေတာပဲ၊ အဲဒါ ဇွန်းနဲ့ဖဲ့ပြီးစားပေတော့. . .၊ အထဲက ဝက်ကလီစာဟင်းနဲ့ ကျောက်ဖရုံသီးအရည်တွေ ထွက်



www.burmeseclassic.com

www.burmeseclassic.com



လာလိမ့်မယ်၊ ဟဲဒါကိုသောက်. . .၊ ချဉ်ငန်စပ်လိုချင်ရင် ပေဟာဟိုပန်းကန်ထဲမှာ ထည့်ထားတယ်၊ အဲဒါနဲ့ တို့စား . . .၊ ဒါဟာ တရုတ်ဟိုတယ်ကြီးတွေမှာ 'ကျောက်စိမ်း တောင်' ဆိုပြီး ရောင်းတာ. . .၊ ခင်ဗျားတို့ စားဖူးအောင် ကျုပ်က လုပ်ကျွေးတာ. . ." ဟု ပြောလိုက်လျှင် ဒေါ်သာညာဏ်ကြီး က

"ဟဲဒါခက်တာပေါ့. . .၊ ဒီက ပုတီးသမား၊ ပါရမီစခန်း၊ ပညာလမ်းကို သွားနေတာ. . .၊ အသားတွေ မစားဘူး၊ သက်သက်လွတ်ပဲစားနေတာ တစ်နှစ်ရှိပြီလေ. . ." ဟု ပြောသဖြင့် ကျွန်ုပ်လည်း ပဲတောင့်ရှည်သီးများကို ကပျာကယာလှီး၍ ရွှေမျက်မှန်တံဆိပ် ပဲငံပြာဖြင့် ကြော်စားရလေ၏။ သရက်သီး သနပ်ပုလင်းကို ဖွင့်ပေးရလေ၏။ ဒေါ်သာညာဏ်ကြီးလည်း သဘောကျသွားလေ၏။ ထို့နောက် ဒေါ်သာညာဏ်ကြီးက-

"နက်ဖြန်ကို ရွှေစက်တော်သွားမယ်၊ အဲဒီမှာ (၄၉)ရက် တရားစခန်းဝင်မယ်၊ ရိက္ခာထောက်လေးဘာလေး ပေးလိုက်ဦး" ဟုဆိုသဖြင့် ကျွန်ုပ်လည်း ငွေကိုးထောင် ထုတ်ပေးလိုက် လေ၏။ ပြီးလျှင်

"ညနေမှပြန်. . .၊ သက်သတ်လွတ်ဆိုတော့ ဟိုမှာ စားရေး သောက်ရေး ခက်မယ်၊ ဆီတို့ဟူးတို့ ရှမ်းကြက်သွန်ချဉ်တို့ ပဲငံပြာတို့ ထည့်ပေးလိုက်ဦးမယ်၊ တစ်ယောက်တည်းသွား၊ အဖော်ပါသေးလား. . ." ဟု မေးလိုက်လေ၏။ ထိုအခါ



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သာညဏ်ကြီးက-

"အဖော်ပါတယ်. . .၊ ဂုတ်စာဆိုတဲ့ တပည့်မလေးတစ်ယောက်ပါတယ်၊ သူကတော့ အမိဋ္ဌာန်လည်း မဝင်ဘူး၊ သက်သတ်လွတ်လည်း မစားဘူး၊ ကျုပ်ကို ကူညီဖို့ လိုက်မှာ. . ." ဟု ပြန်၍ ဖြေလေ၏။

"ပါရမီလမ်းမှာ အဖော်လိုရင် ကိုပီတာကြီးကို ခေါ်သွားပါလား. . ." ဟု ကျွန်ုပ်က စလိုက်ရာ ဒေါ်သာညဏ်ကြီးက-

"တော့်ကိုပီတာကြီးက အသားက နီစပ်စပ်နဲ့ တဏှာရမ္မက်ကြီးမယ့်ပုံကြီး၊ ခေါ်သွားလို့မဖြစ်ပါဘူး၊ ကျုပ်လိုအဘွားကြီးကိုတောင် ချမ်းသာပေးမှာမဟုတ်ဘူး. . .၊ တကယ်ဆိုရင် ဆရာလေးပေတလူ လိုက်လာရင်တော်သေးရဲ့. . ." ဟု ပြောရာ ကိုပီတာကြီးက-

"ပြောတော့ ပုတီးသမားတဲ့. . .၊ သူများကိုများ ပြောလိုက်တာ မှိုချိုး မျှစ်ချိုးနဲ့၊ ခင်ဗျားလို အိုနာကျိုးကန်းကြီးကို မပြောနဲ့၊ ငယ်ငယ်ရွယ်ရွယ်တွေကိုတောင် စိတ်မဝင်စားလို့ ထားပစ်ခဲ့တာ၊ အပုံကြီးပဲ. . .၊ နာမည်ကိုလည်း မှတ်ထားဦး၊ ပီတာတဲ့. . .၊ ပုံမပီရင် ဘယ်သူကိုမှ မတာဘူး၊ ပုံပီပတ်ပီဆိုရင်တော့ 'တာ'မိမယ်" ဟု ပြောလေတော့၏။ ထိုအခါ ပေတလူက-

"နေစမ်းပါဦး ဒေါ်သာညဏ်ရယ်. . .၊ ရွှေစက်တော်မှာကို သွားပြီး အမိဋ္ဌာန်ဝင်ရအောင် ဘယ်သူက ညွှန်ကြား



www.burmeseclassic.com

www.burmeseclassic.com



တာလဲ" ဟု မေးလိုက်ရာ ဒေါ်သာညဏ်ကြီးက-

"တယ်သူကမှ မညွှန်ကြားပါဘူး ဆရာလေးရယ်၊ အာရုံထဲမှာ ပေါ်လာလို့ သွားတာပါ၊ အဲဒီလိုသွားနိုင်အောင်လည်း ကျုပ်ရဲ့ ပရိသတ်က ကျုပ်ကိုထောက်ခံကြတယ်လေ. . .၊ နေဖို့ထိုင်ဖို့ကတော့ အခက်အခဲမရှိပါဘူး၊ မကွေးက ဗေဒင်ဆရာလေး မောင်အေးနိုင်ဆိုတာက ရွှေစက်တော်ကို ရောက်နှင့်နေမှာ. . .၊ သူက ကျုပ်တို့နှစ်ယောက် နေဖို့ စီစဉ်ပေးထားမှာ. . .၊ ထမင်းကိုတော့ ဆိုင်က ဝယ်မယ်. . .၊ ဟင်း ကတော့ ဒီကယူသွားတဲ့ ဟာလေးတွေနဲ့ပဲ စားရမှာပဲ၊ ကြက်သွန်ကြော်လေး၊ ပူးသီးကြော်လေးလည်း ဝယ်လို့ရပါတယ်၊ (၄၉)ရက်လုံးကိုးပါးသီလနဲ့ ဥပုသ်ဆောက်ရမှာ. . .၊ ပြီးတော့ ဂုဏ်တော်(၉၀)ပါးဖြစ်အောင် ပုတီးစိပ်မယ်၊ အချိန်ရသလောက် တရားထိုင်မယ်၊ ရွှေစက်တော်ဟာ ဝိဇ္ဇာတွေ မကြာခဏ ဘုရားလာဖူးတဲ့ဘုရားလို့ ကြားဖူးတယ်၊ အသက် ကလေးရယ်တဲ့ ရှည်စေလို မန်းတောင်ရိပ်ခိုဆိုတာ ရွှေစက်တော်ကို ပြောတာမဟုတ်လား၊ နေ့တိုင်း မန်းချောင်းထဲကို ဆင်းပြီး ရေချိုးမယ်" ဟု ပြောလေ၏။ ထိုအခါ ပေတလူလည်း ဒေါ်သာညဏ်ကြီးအား ငွေသုံးထောင်လှူလေ၏။ ကိုပီတာကြီးကလည်း ငွေနှစ်ထောင်လှူလေ၏။ ထို့နောက် ပေတလူက-

"အဓိဋ္ဌာန်ရက်ရှည်လုပ်တဲ့အခါ သတိထားဖို့ကတော့ ကျန်းမာရေးပါပဲ၊ ဒေါ်သာညဏ်ကြီးမှာ အဓိဋ္ဌာန်ပျက်ဖို့အ

www.burmeseclassic.com



ကြောင်းဆိုလို့ နောက်ကြောင်းလည်း ရှင်းတော့ ပူစရာမလိုပါဘူး၊ ကျန်းမာရေးတစ်ခုပဲ ဂရုစိုက်စရာလိုတယ်၊ ဒေါ်သာ ညဏ်ကြီးတို့အရွယ်ဟာ ကျန်းမာရေးကို ဂရုစိုက်မယ်ဆိုရင် ခြေထောက်ကို အစဉ်သဖြင့် နွေးနွေးထွေးထွေးဖြစ်အောင် ထားရမယ်၊ ခေါင်းကို အပူမိလို့မဖြစ်ဘူး၊ ခေါင်းကို အေးအောင်ထားရမယ်. . .၊ အစာအိမ်ဟာ အစဉ်သဖြင့် ဆာနေရင် အကောင်းဆုံးပဲ၊ ပြည့်နင့်အောင်မစားရဘူး. . .” ဟု သတိပေးလေ၏။ ထို့ကြောင့် ကျွန်ုပ်ကလည်း-

“ဟိုကျရင် ဖျော်သောက်ဖို့ တီးမစ်ထုပ်တွေ ပေးလိုက်ဦးမယ်. . .” ဟု ဆိုကာ (၄၉)ရက်စာ တီးမစ်ထုပ်များနှင့်အတူ ခာတ်ဗူးတစ်လုံးပါ ပေးလိုက်ရလေ၏။ ထိုအခါ ဒေါ်သာ ညဏ်ကြီးက သာဓုခေါ်လေ၏။ ထို့နောက် ပေတာလူက ဒေါ် သာညဏ်ကြီး၏ မှတ်စုစာအုပ်တွင် အောက်ပါဂါထာကို ရေးပေးလိုက်လေ၏။

“ဒီဂါထာကို နေ့တိုင်းရွတ်ပေး၊ ဘယ်ကိုပဲရောက်ရောက် လာဘ်လာဘပွင့်မယ်၊ တောင်တွင်းအကျော် ခင်ကြီးဖျော်ရဲ့ ဘုရားရှိခိုးစာအုပ်မှာပါတယ်” ဟု ဆိုကာ အောက်ပါအတိုင်း ရေးပေးလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



## လာဘ်လာဘ ပွင့်စေသောဂါထာ

ဂါမေ ဝနေစ သဗ္ဗတ္ထ၊
ဒေဝေဟိ မနုဿဟိစ၊
အာဘတာနုတ္တလာဘောမေ၊
သဒါဟောတု ဘဝါဘဝေ။

ဓေါ်သာညဏ်ကြီးသည် ပေတလူရေးပေးသော ဂါထာကို ရွတ်ဆိုကြည့်လေ၏။ အသံမကျသောကြောင့် ပေတလူက အသံထွက် ချပေးရလေ၏။ အသံထွက် ရသွားသောအခါ ဓေါ်သာညဏ်ကြီးက-

"ဆရာလေး ပေတလူရယ်. . .၊ အနက်လေး ပါလေးလည်း၊ ပေးပါဦး. . ." ဟု ပြောသဖြင့် ပေတလူသည် အောက်ပါအတိုင်း အနက်ကို ရွတ်ဆိုပြလေ၏။

ဓမ၊ ငါ့အား။ ဘဝဘဝေ၊ ဘဝကြီးငယ်၌။ ဂါမေ၊ ရွာ၌လည်းကောင်း။ ဝနေ၊ တော၌လည်းကောင်း၊ သဗ္ဗတ္ထခပ်သိမ်းသော အရပ်တို့၌ ဒေဝေဟိ၊ နတ်တို့သည်လည်းကောင်း၊ မနုဿေဟိ၊ လူတို့သည်လည်းကောင်း၊ အာဘတော၊ ဆောင်အပ်သော၊ အနုတ္တလာဘော အဆုံးမရှိသောလာဘ်သည်၊



www.burmeseclassic.com

www.burmeseclassic.com



သဒါ၊ အခါခပ်သိမ်း၊ ဟောတု ဖြစ်ပါစေသတည်း။

အထက်ပါအဖြစ်အပျက်များ ဖြစ်ပွားပြီး နှစ်လခန့်ကြာသောအခါ၌ ကိုပီတာကြီးနှင့် ဒေါ်သာညဏ်ကြီးရောက်လာကြပြန်၏။ ဒေါ်သာညဏ်ကြီးသည် ရွှေစက်တော်မှ ဝယ်လာသော နံ့သာတုံးများကို ကျွန်ုပ်အား လက်ဆောင်အဖြစ်ပေးလေ၏။

"ကျုပ်တ ဟိုကျရင် စားရေးသောက်ရေးခက်မယ်အောက်မေ့နေတာ. . .၊ မခက်ပါဘူးတော်. . .၊ ရောက်နေတဲ့ ဘုရားဖူးတွေက သက်သတ်လွတ်စားတယ်ဆိုလို့သက်သတ်လွတ်ဟင်းတွေ လာပြီးပို့လိုက်တာ တရုတ်ပြေးမင်းရဲ့ ထမင်းပွဲထက်တောင် ဟင်းခွက်တွေက များသေးတယ်၊ ပိုက်ဆံတွေဘာတွေလည်း ဝိုင်းပြီးလှူကြပါတယ်၊ မန္တလေးကတရုတ်ကပြားမတစ်ယောက်ဆိုရင် ကျုပ်ကို အမေအဖြစ်အသိအမှတ်ပြုတယ်တဲ့၊ ကျုပ် နေမကောင်းရင် သူ့ပိုက်ဆံနဲ့ ဆေးကုပေးမယ်တဲ့. . .၊ ဘယ်လိုအခက်အခဲပဲတွေ့တွေ့ သူကူညီမယ်တဲ့. . .၊ ပြန်တော့လည်း ငွေတစ်သိန်းလှူလိုက်သေးတယ်၊ ထမင်းဆိုင်ကလည်း ထမင်းဖိုး မယူကြတဲ့အပြင်မနက်တိုင်း စားဖို့ သက်သတ်လွတ် ထမင်းကြော်ပေးတယ်၊ လက်ဖက်ရည်လည်း ပို့တယ်၊ အဲဒါကြောင့် မောင်ခထည့်ပေးလိုက်တဲ့ တီးမစ်ထုပ်တွေတောင် မသောက်ရဘူး၊ သစ်ကုန်သည် လင်မယားကလည်း အိမ်ကိုလာပြီး ပြင်ဘောက်

www.burmeseclassic.com



ပေးဦးမယ်တဲ့။ ဝမ်းသာအားရပြောလေ၏။ ထိုအခါ ပေတလူက-

"ဟဲ့ဗါ ပုတီးတန်ခိုးပဲ ဒေါ်သာညဏ်ရေ့. . .၊ ခင်ဗျားရဲ့ ပါရမီစခန်းကတော့ ပွင့်သွားပြီ၊ အခုမှစိတ်အေးရတော့တယ်၊ ပေယာဇိက ကိုပီတာကြီး ကျန်သေးတယ်၊ သူ့လည်း လုပ်ပေးရဦးမယ်" ဟု ပြောလိုက်ရာ ကိုပီတာကြီးက-

"နို့. . . ဂွတ်ဒ် မကောင်းဘူး လူကလေး. . ." ဟု ပြောလိုက်လေတော့သတည်း။

သဗ္ဗေသတ္တာ ကမ္မဿကာ



www.burmeseclassic.com

www.burmeseclassic.com



# ရှင်ဘီဝလီ ဆယပ်ိဂါတော

တစ်နေ့တွင် ကျွန်ုပ်၏အသိ ဒေါ်သာညက်ဆိုသည့် အဒေါ်ကြီးတစ်ဦးနှင့် ကိုပီတာ၊ ပေတလူစသည်တို့သည် ကျွန်ုပ်ထံသို့ အလည်အပတ်ရောက်ရှိလာကြလေ၏။ ကျွန်ုပ်လည်း ယမန်နေ့ညက ပွဲဈေးတန်းမှ ဝယ်လာခဲ့သော မုန့်လင်မယားဆိုသည့် မုန့်ကလေးများကို ပြန်၍နွေးပြီးလျှင် သကြားဖြူး၍ ၎င်းတို့အား ရေနွေးကြမ်းဖြင့် တိုက်ကျွေးထားလေ၏။ ပြီးလျှင် မော်ဘီဈေးသို့ သွားရလေ၏။ ဈေးသို့ရောက်လျှင် ငါးလင်ပန်းအကောင်ကြီးများကို တွေ့သဖြင့် ဝယ်ယူခဲ့လေ၏။

ခြံသို့ရောက်သောအခါ မီးဖိုသို့ မသွားဘဲ ညှော်သည်သုံး



www.burmeseclassic.com

www.burmeseclassic.com


ဦးထိုင်နေသော သိဟိုဠ်ပင်အောက်၌ပင် မီးဖိုနှင့် အိုးခွက်များ ရှာကာ မျက်ပြုတ်ရလေတော့၏။ ငါးလင်ပန်းများကို အကွင်းလိုက်လှီးပြီးလျှင် အချဉ်ဆီပြန်ချက်ရလေ၏။ ငါးပိစိမ်းစားကောင်းကောင်းကို နွားနို့ဖြင့်နှစ်ကာ နွားနို့ငါးပိချက် ချက်ရလေ၏။ ဟင်းချိုမှာမူ ဝက်ခေါက်ကြော်များကို ဟင်းချိုပြုလုပ်၍ ပေးလိုက်လေ၏။

ဗိုင်းတို့လည်း ကျွန်ုပ်တည်ခင်းကျွေးမွေးသော ထမင်းဟင်းကို မြိန်ယှက်စွာ စားသောက်ကြလေ၏။ ထိုသို့ စားသောက်ရင်း ဒေါ်သာညဏ်က-

"မောင်ခရေ...၊ အဒေါ်မှာက ပရိသတ်များလာပြီ၊ သူတို့အားလုံးလိုလိုက လာဘ်ရွှင်တဲ့အဆောင်ပဲ တောင်းကြတယ်၊ အဒေါ်လည်း မလုပ်တတ်ဘူး..." ဟု ပြောလေ၏။

"ဘုရားစောင်းတန်းကိုသွား...၊ အဲဒီမှာ အဆောင်ရုပ်ကလေးတွေထုတဲ့ ပန်းပုဆရာနဲ့ တွေ့ပြီး ရှင်သီဝလိပုံတော်လေးတွေထုလိုက်...၊ ပြီးတော့ ဆယ်ပုံတစ်တွဲ၊ ဆယ်ပုံတစ်တွဲ ထုပြီး ရှင်သီဝလိ ဆယ်ဂါထာနဲ့ သိဒ္ဓိတင်လိုက်...၊ ပြီးတော့ ပုံတော်လေးတွေကို အမွှေးနံ့သာဆွတ်ပြီး ဒေါ်သာညဏ်ရဲ့ ပရိသတ်ကိုပေးလိုက်...၊ သူတို့အတွက် အကျိုးရှိသွားလိမ့်မယ်..." ဟု ကျွန်ုပ်က ပြောလိုက်လျှင် ဒေါ်သာညဏ်ကြီးက-

"အဲဒီ ရှင်သီဝလိဆယ်ဂါထာဆိုတာ ကျုပ်မရှိဘူးတော့

www.burmeseclassic.com


. . .၊ ကျုပ်ဝယ်ထားတဲ့ စာအုပ်ထဲမှာလည်း အဲဒါမပါဘူး” ဟု ပြောပြန်လေ၏။

“အဲဒါတော့ မပူပါနဲ့ဗျာ. . .၊ ခင်ဗျားရဲ့ မှတ်စုစာအုပ်ထဲမှာ ရှင်သီဝလီဆယ်ဂါထာကို အနက်နဲ့တကွ ရေးပေးလိုက်ပါ့မယ်. . .” ဟု ပြောပြီးလျှင် ကျွန်ုပ်လည်း ရှင်သီဝလီ ဆယ်ဂါထာကို ရေးပေးလိုက်လေ၏။


www.burmeseclassic.com

www.burmeseclassic.com



## အထူးလောဘ်ရှင်သော
## ရှင်သီဝလိ ဆယ်ဂါထာ နှင့် အနက်

၁။ သီဝလိစ မဟာနာမံ၊
သဗ္ဗလာဘံ ဘဝိဿတိ။
ထေရဿ အာနုဘာဝေန၊
သဗ္ဗေ ဟောန္တု ပိယံ မမ။

မဟာနာမံ၊ ကြီးမြတ်သော အမည်ရှိသော။ သီဝလိစ၊ ရှင်သီဝလိမထေရ်မြတ်သည်လည်း။ သဗ္ဗလာဘံ၊ အလုံးစုံသော လာဘ်ပူဇော်သက္ကာရ ဟူသမျှကို။ ဘဝိဿတိ၊ ဖြစ်စေလတ္တံ့။ ထေရဿ၊ ရှင်သီဝလိမထေရ်မြတ်၏။ အာနုဘာဝေန၊ တန်ခိုးတော်ဖော် အာနုဘော်တော်ကြောင့်။ သဗ္ဗေ၊ ခပ်သိမ်းသောလူ တို့သည်။ မမ၊ ရှင်သီဝလိကို ပူဇော်လေ့ရှိသော အကျွန်ုပ်အား။ ပိယံ၊ (ပိယာ)၊ မေတ္တာသတ်ဝင်ချစ်ခင်ကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြစေကုန်သတည်း။



www.burmeseclassic.com

www.burmeseclassic.com



၂။ သီဝလိစ မဟာဝီရော၊
ယေ ယေ ပသန္နာ မံ ပိယံ။
တေ တေ ပသန္နာ ပရမံ၊
ဇန ပဒံ ပူဇယန္တု။

သီဝလိ၊ ရှင်သီဝလိမထေရ်မြတ်သည်။ မဟာဝီရော စ၊ ကြီးမြတ်သောရဲရင့်ခြင်းလည်း ရှိတော်မူ၏။ တဿ၊ ထိုရှင်သီဝလိမထေရ်၏။ တေဇေန၊ တန်ခိုးတော်အားဖြင့်။ ယေ ယေ၊ အကြင် အကြင်သူတို့သည်။ မံ၊ မကျွန်ုပ်ကို။ ပိယံ၊ ချစ်ချစ်ခင်ခင်။ ပသန္နာ၊ ရှုမြင်ကြစေကုန်သတည်း။ တေ တေ၊ ထိုထိုသူတို့သည်။ ပရမံ၊ လွန်မြတ်လှစွာ။ ပသန္နာ၊ ရှုကြည့်ကြကုန်စေကုန်သတည်း။ ဇနပဒံ၊ ဇနပုဒ်သည်၊ ဝါ ဇနပုဒ်နေသူများ ဗိုလ်လူသည်။ ပူဇယန္တု၊ ပူဇော်လာကြစေကုန်သတည်း။

www.burmeseclassic.com

www.burmeseclassic.com



၇။ သီဝလိစ မဟာထေရော၊
မမ သီသေ ဌာပေတွာန၊
ဇမ္ဗုဒီပ မဏ္ဍလေန၊
ဇယောမင်္ဂလာ သုခါဝဟာ။

မဟာထေရော၊ ကြီးမြတ်သော မထေရ်တစ်ပါး ဖြစ်တော်မူသော။ သီဝလိစ၊ ရှင်သီဝလိ အရှင်မြတ် သည်လည်း။ မ မ၊ အကျွန်ုပ်၏။ သီသေ၊ ဦးခေါင်း ရတနာ မြတ်အင်္ဂါ၌။ ဌာတု၊ တည်ပါစေသတည်း။ ဌပေတွာန၊ ဤသို့တည်နေသောကြောင့်။ ဇမ္ဗုဒီပ မဏ္ဍလေန၊ ဇမ္ဗူဒိပ်ကျွန်းအဝန်းနှင့် အမျှ။ ဇယော၊ အောင်မြင်ခြင်းတည်း။ ဟောတု၊ ဖြစ်ပါစေသတည်း။ မင်္ဂလာ၊ အောင်မြင်မှန်ကြောင်း ဂါထာမင်္ဂလာန်တို့သည်။ သုခါဝဟာ ချမ်းသာကို ဆောင်ကြသည်။ ဟောန္တု ဖြစ်ကြပါစေကုန်သတည်း။



www.burmeseclassic.com

www.burmeseclassic.com


၄။ သီဝလိစ မဟာနာမံ၊
ကင်္ခာ ဒေဝါ သဗြဟ္မကာ။
မနုဿ ပုရိသော ကတ္တိ၊
မဟာလာဘံ ဘဝိဿတိ။

မဟာနာမံက၊ ကြီးမြတ်သော နာမရှိတော်မူသော သီဝလိစ၊ ရှင်သီဝလိမထေရ်သည်လည်း။ အတ္တိ၊ ရှိတော်မူ၏။ တဿာနုဘာဝေန၊ ထိုရှင် သီဝလိထေရ်၏ အစွမ်းအာနုဘော်ကြောင့်။ သဗြဟ္မကာ၊ ဗြဟ္မာနှင့် တကွ သော။ ကင်္ခာဒေဝါ၊ သိကြား နတ်တို့သည် လည်းကောင်း။ မနုဿပုရိသော ကတ္တိစ။ လူယောကျ်ား လူမိန်းမတို့သည်လည်းကောင်း။ မဟာလာဘံ၊ ကြီးစွာသော လာဘ်သပ်ပကာကို။ ဘဝိဿတိ၊ ရသည်ဖြစ်လတ္တံ့သတည်း။

www.burmeseclassic.com

www.burmeseclassic.com



၅။ သီဝလိစ မဟာလာဘံ၊
နာ နာ ဒေတိ ဝရံ သုခံ။
ဣဒမ္ပိ ပူဇိတံ ဒေတိ၊
မဟာသုခံ ဘဝိဿတိ။

သီဝလိ၊ ရှင်သီဝလိမထေရ်မြတ်သည်။ ဝရံ၊ တောင့်တအပ်မြတ်သော။ မဟာလာဘံ၊ လာဘ် လာဘ အများအပြားကို။ နာ နာ၊ အမျိုးမျိုး။ ဒေတိ၊ ပေးတတ်ပေ၏။ ဝရံ မြတ်သော။ ဣဒမ္ပိ ပူဇိတံ၊ ပူဇော် အပ်သော ဤပစ္စည်း ဝတ္ထုများကိုလည်း။ ဒေတိ၊ ပေးတတ်ပေ၏။ ဝရံ မြတ်သော။ ဣဒမ္ပိ ပူဇိတံ၊ ပူဇော် အပ်သော ဤပစ္စည်းဝတ္ထုများကိုလည်း။ ဒေတိ၊ ပေး တတ်ပေ၏။ တေန၊ ထိုရှင်သီဝလိထေရ်၏ ဘုန်းတော် ကြောင့်။ မဟာသုခံ၊ ကြီးမြတ်ချမ်းသာသည်။ ဘဝိဿတိ၊ ဖြစ်ပေလတ္တံ့။



www.burmeseclassic.com

www.burmeseclassic.com


၆။ ဝဏ္ဏံ ဒန္တံ နရာ တိတ္တိ
အာဏာ မယှံ ဘဝေ ဘဝေ။
ဘဝရုက္ခေ ရာဇဝီတာ၊
သဗ္ဗေ ကောခံ ဝိနဿန္တု။

ဘန္တေ၊ ထေရ်ရှင်သီဝလီအရှင်ဘုရား။ ဝေ၊ အရှင်ဘုရား၏။ ဝဏ္ဏံ၊ အဆင်းတော်သည်လည်း ကောင်း။ ဒန္တံ၊ ယဉ်ကျေးသိမ်မွေ့တော်မူပုံသည် လည်းကောင်း။ နရာ တိတ္တိ၊ လူတို့အား မရောင့်ရဲစေနိုင် ပါ။ တဝ၊ အရှင်ဘုရား၏။ ရုက္ခေ၊ ရုက္ခမူကျောင်း၌။ ရာဇဝီတာ၊ ရုက္ခစိုးနတ်သမီးသည်။ ရက္ခတု၊ စောင့်ရှောက်မြစေသတည်း။ သဗ္ဗေ၊ ခပ်သိမ်းသော သတ္တဝါတို့သည်။ ကောခံ၊ အမျက်ဒေါသကို။ ဝိနဿန္တု၊ ပယ်ဖျောက်နိုင်ကြပါစေသတည်း။ မယှံ၊ အကျွန်ုပ်၏။ အာဏာ၊ အာဏာစက်သည်လည်း။ ဘဝေ၊ ဖြစ်စေလိုရာ၌။ ဘဝေ၊ ဖြစ်ပါစေသတည်း။


www.burmeseclassic.com

www.burmeseclassic.com



၇။ သီဝလိစ မဟာဘာဘံ၊
သဗ္ဗလာဘံ ဘဝိဿတိ။
ထေရဿ အာနုဘာဝေန၊
သဒါ ဟောတု ပိယံ မမ။

သီဝလိစ၊ ရှင်သီဝလိမထေရ်မြတ်သည်လည်း။ မဟာလာဘံ၊ ကြီးမြတ်သော လာဘ်လာဘ ရှိတော်မူ၏။ မ မ၊ အကျွန်ုပ်အား။ သဗ္ဗလာဘံ၊ ခပ်သိမ်းသော လာဘ်လာဘသည်။ ဘဝိဿတိ၊ ဖြစ်ပေလတ္တံ့။ ထေရဿ၊ ရှင်သီဝလိထေရ်၏။ အာနုဘာဝေန၊ တန်ခိုးတေဇော် အာနုဘော်တော်ကြောင့်။ သဒါ၊ အခါခပ်သိမ်း။ မ မ၊ အကျွန်ုပ်အား။ ပိယံ၊ လူအပေါင်းက ချစ်မြတ်နိုးအပ်သည်။ ဟောတု၊ ဖြစ်ပါစေသတည်း။



www.burmeseclassic.com

www.burmeseclassic.com


၈။ သီဝလိစ မဟာထေရော၊
ယေ ယေ ပဿန္တု မံ ပိယံ။
တေ တေ ပဿန္တု မံ မိယံ။
ဇနပဒံ ပူဇယန္တု။

သီဝလိစ၊ ရှင်သီဝလိမထေရ်မြတ်သည်လည်း။ မဟာထေရော၊ ကြီးမြတ်သော ထေရ်တစ်ပါးဖြစ်တော်မူ၏။ တဿ၊ ထိုရှင်သီဝလိမထေရ်မြတ်၏။ အာနုဘာဝေန၊ တန်ခိုးတော် အာနုဘော်တော်ကြောင့်။ ယေ ယေ၊ အကြင် အကြင် သူတို့သည်။ မံ၊ အကျွန်ုပ်ကို။ ပိယံ၊ ချစ်မြတ်နိုးစွာ။ ပဿန္တု၊ ရှုကြည့်ကြပါစေသတည်း။ တေ တေ၊ ထိုသူတို့သည်။ မံ၊ အကျွန်ုပ်ကို။ ပိယံ၊ နှစ်နှစ်သက်သက်။ ပဿန္တု၊ ကြည့်မြင်ကြပါစေကုန်သတည်း။ ဇနပဒံ၊ ဇနပုဒ်နေပြည်သူအပေါင်းတို့သည်။ ပူဇိဿန္တိ၊ ပူဇော်ကြပေကုန်လတ္တံ့။


www.burmeseclassic.com

www.burmeseclassic.com



၉။ သီဝလိစ မဟာထေရော၊
မမ သီသေ ဌပေတွာန။
သော ရဟော ပစ္စယာဒီနံ၊
မဟာလာဘံ ကရောတု မေ။

မဟာထေရော၊ မထေရ်မြတ်ဖြစ်တော်မူသော။ သီဝလိစ၊ ရှင်သီဝလိ ရဟန္တာသည်လည်း။ မ မ၊ အကျွန်ုပ်၏။ သီသေ၊ ဦးခေါင်းရတနာ၌။ ဌာတု၊ တည်ပါစေသတည်း။ ဌာပေတွာန၊ တည်နေပြီး၊ မန္တစေတာစေ ဂယောမန္တ၊ ထက်မြတ်သော မန္တန်၊ အောင်အစ်သော မန္တန်ကို ပေးတတ်သော။ တံ၊ ထိုထေရ်ရှင် သီဝလိကို။ အဟံ၊ အကျွန်ုပ်သည်။ သဗ္ဗဒါ၊ အမြဲမပြတ်၊ ဝန္ဒာမိ၊ ရှိခိုးပါ၏ဘုရား။



www.burmeseclassic.com

www.burmeseclassic.com


၁၀။ သီဝလိစ မဟာထေရော၊
ဒေဝ မနုဿ ပူဇိတော။
သော ရဟော ပစ္စယောဒီနံ၊
မဟာလာဘံ ကရောတု မေ။

ဒေဝမနုဿ ပူဇိတော၊ နတ်လူတို့သည် ပူဇော်အပ်သော။ ပစ္စယောဒီနံ၊ ပစ္စည်းလေးပါး အစရှိသော ပူဇော်အထူးတို့ကို။ ရဟော၊ ခံယူတော်မူထိုက်သော။ သော သီဝလိမဟာထေရောစ၊ ထိုရှင်သီဝလိ မထေရ်မြတ်သည်လည်း။ မေ၊ အကျွန်ုပ်အား။ မဟာလာဘံ၊ လာဘ်လာဘ ပေါ်များခြင်းကို။ ကရောတု၊ ပြုတော်မူပါစေသတည်း။


www.burmeseclassic.com

www.burmeseclassic.com




မင်္ဂလာညာဏ်ကြီးသည်လည်း ကျွန်ုပ်ရေးပေးလိုက်သော ဂါထာကို တစ်ထိုင်တည်း ကျက်လေတော့၏။ (၁၀) ရက်မျှ ကြာမြင့်သောအခါ ကျွန်ုပ်ထံသို့ ပြန်၍ရောက်လာပြန်လေ၏။

“မောင်ခ ပြောတဲ့အတိုင်း ရှင်သီဝလိပုံတော်လေးတွေကို ပရိသတ်ကို ပေးလိုက်တယ်၊ ပရိသတ်ကလည်း သဘောကျတယ်၊ အားလုံးသိတတ်ကြပါတယ်၊ အလကား မယူကြပါဘူး၊ ဝါးရာပူဇော်တဲ့လူရှိတယ်၊ တစ်ထောင်၊ နှစ်ထောင်ပူဇော်တဲ့လူလည်းရှိပါတယ်၊ ပြီးတော့ ငွေကြုတ်ကလေးတွေ၊ ရွှေကြုတ်ကလေးတွေလုပ်ပြီး လည်ပင်းမှာ ဆွဲထားကြတယ်၊ အဲဒါကြောင့် မောင်ခကို လာပြီး ကျေးဇူးဆပ်တာ” ဟု ဆိုကာ နို့ဆီဗူး ၅လုံး၊ နို့စိမ်း ၂လုံးနှင့် အချိုခြောက်တစ်ထုပ်တို့ကို ကျွန်ုပ်အား၊ လက်ဆောင် ပေးသွားလေ၏။

“မင်္ဂလာညာဏ်ကြီးကတော့ ပုတီးနဲ့ အတော့်ကို အကျိုးပေးနေပြီနော်. . .” ဟု ကျွန်ုပ်က ပြောလိုက်ရာ ၎င်းက ရှင်လန်းတွက်လက်သော ခြေလှမ်းများဖြင့် ကျွန်ုပ်၏ ခြံအတွင်းမှ ထွက်သွားလေတော့သတည်း. . .။

သဗ္ဗေသတ္တာ ကမ္မဿကာ



www.burmeseclassic.com

www.burmeseclassic.com



# ပေကြီးခိုတဲ့ လူတစ်ယောက်အတွက် ခင်ပွန်းကြီး(၁၀)ပါး တောင်းပန်နည်း




မရမ်းတလင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



## စစ်ပွန်းကြီး(၁၀)ပါး တောင်းပန်ပွဲပြင်ပုံ




## စစ်ပွန်းကြီး(၁၀)ပါး တောင်းပန်ဂါထာ

ဗုဒ္ဓါ ပစ္စေကဗုဒ္ဓါစ
ရဟန္တာ အဂ္ဂသာဝကာ
မာတာပိတု ဂုရုသတ္တာ
ဓါယကာ ဓမ္မဒေသကာ
ဣမေဒသ မဟာဂုဏော
အပ်ဝန္တာမိ သဗ္ဗဒါ။ ။



www.burmeseclassic.com

www.burmeseclassic.com



# ပေကြီးဆိုတဲ့ လူတစ်ယောက်အတွက် ခင်ပွန်းကြီး(၁၀)ပါး တောင်းပန်နည်း

တစ်နေ့တွင် ကျွန်ုပ်ထံသို့ ကျွန်ုပ်၏မိတ်ဆွေ ကိုပီတာဆိုသည့် လူကြီးတစ်ဦးနှင့် အသက်(၁၂)နှစ်၊ (၁၃)နှစ် အရွယ် ပေတလူဆိုသည့် သူငယ်လေးတစ်ဦးတို့သည် အလည်အပတ် ရောက်ရှိလာလေ၏။ ၎င်းတို့နှင့်အတူ ညော့သည်တစ်ဦးလည်း ပါလာလေ၏။ ထိုညော့သည်မှာ ပေတလူနှင့် ပတ်သက်သော ညော့သည်ဖြစ်၏။ ပေတလူက-

"အဘ. . .၊ သူဟာ ကျွန်တော်ရဲ့ ဗေဒင်ယတြာ ဖောက်သည်ပဲ၊ သူ့နာမည် 'ကိုပေကြီး'တဲ့. . .၊ အလုပ်လည်း ကြိုးစားပါတယ်၊ ဘာလုပ်လုပ် ဘာကိုင်ကိုင် မဖြစ်မြောက်ဘူး၊ အရှုံးနဲ့ချည်း ရင်ဆိုင်နေရတယ်၊ ကျွန်တော်လည်း ယတြာတွေပေးပါတယ်၊ ကျွန်တော်ပေးတဲ့ ယတြာတွေနဲ့လည်း အဆင်မပြေဘူး၊ အဲဒါကြောင့် အဘဆီခေါ်လာတာပဲ. . ."

ဟု ပြောဆို မိတ်ဆက်ပေးလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုရှိတယ် မောင်ပေကြီးရဲ့. . .၊ လူတွေမှာက တယ်တော့မှ မပြစ်မှားရမယ့် ခင်ပွန်းကြီး(၁၀)ဦးရှိတယ်၊ အဲဒီ (၁၀)ဦးဟာ ခင်ပွန်းကြီး(၁၀)ပါး ခေါ်တယ်၊ ပြစ်မှားမိရင် အန္တရာယ်ဆိုးကျရင်ကျ၊ မကျရင်လည်း အခုလို ဘာလုပ်လုပ် အရာမထင်တဲ့ အဖြစ်မျိုးနဲ့ ကြုံတတ်တယ်၊ ယတြာချေလို့ မရဘူး. . ." ဟု ကျွန်ုပ်က ပြောလိုက်လျှင် မောင်ပေကြီး သည် ခပ်တွေတွေဖြစ်သွားပြီး-

"ဆရာကြီးရယ်. . . ကျွန်တော် မှတ်မိသမျှတော့ ခင်ပွန်း ကြီး(၁၀)ပါး ကို မပြစ်မှားဖူးပါဘူး. . ." ဟု ပြောလေ၏။ ထို့ကြောင့် ကျွန်ုပ်က-

"ဒီဘဝမှာတော့ ဟုတ်မှာပေါ့ မောင်ပေကြီးရယ်၊ အတိတ်ဘဝတစ်ခုခုမှာ အဲဒီပြစ်မှုကို ကျူးလွန်မိရင်လည်း ဒီဘဝမှာလာပြီး ဒုက္ခပေးနိုင်တယ်၊ အဲဒီတော့ ခင်ပွန်းကြီး (၁၀)ပါးကို တောင်းပန်ပွဲတွေလုပ်ပြီး တောင်းပန်ရမယ်" ဟု ပြောလိုက်လျှင် မောင်ပေကြီးက-

"လုပ်ပါ့မယ် ခင်ဗျာ. . . ပြောပါ" ဟု ပြောလေ၏။


"အကောင်းဆုံးကတော့ မွေးနေ့မှာလုပ်ရင် အကောင်းဆုံးပဲ၊ ကိုယ်က တနင်္ဂနွေသားဆိုရင် တနင်္ဂနွေနေ့ပေါ့၊ တနင်္လာသားဆိုရင် တနင်္လာနေ့ပေါ့၊ မနက်(၅)နာရီ လူခြေတိတ်ချိန်မှာ ဘုရားစင်ရှေ့မှာ ထမင်းစားပွဲဝိုင်းကြီးခင်း၊ ပြီးတော့ အဲဒီစားပွဲဝိုင်းပေါ်မှာ ပန်းကန်(၁၀)ချပ်တင်၊

www.burmeseclassic.com



ပန်းကန်ပြားလတ်လတ်(၉)ချပ်က စားပွဲခုံပေါ်မှာ ဝိုင်းပတ်ပြီး ချထား၊ အလယ်မှာက ပန်းကန်ပြားအကြီးတစ်ချပ်ထားရမယ်၊ သစ်သီး(၁၀)မျိုးကို လှီးချွတ်ပြီး ပန်းကန်ပြားတစ်ချပ်စီမှာ ထည့်ရမယ်၊ (၉)ချပ်ပြည့်အောင် ထည့်ရမယ်၊

အလယ်က ပန်းကန်ပြားကြီးမှာတော့ သစ်သီး(၁၀)မျိုး လှီးချွတ်ပြီး ထည့်ရမယ်၊ မောင်ပေကြီးမျက်စိထဲမှာ မြင်အောင် ပုံလေးပါ ဆွဲပြလိုက်မယ်. . . ” ဟုဆိုကာ အောက်ပါပုံလေးကို ပြလိုက်လေ၏။




ခင်ပွန်းကြီး(၁၀)ပါး တောင်းပန်ပွဲပြပုံ

www.burmeseclassic.com

www.burmeseclassic.com



"ပန်းကန်ပြားတိုင်းမှာ ဖယောင်းတိုင်တစ်တိုင်စီထွန်းရမယ်၊ ဆောက်တော်ရေတစ်ခွက်စီလည်း ပါရမယ်၊ အမွှေးတိုင်တစ်တိုင်စီလည်း ပါရမယ်၊ အစမထင်တဲ့ သံသရာတစ်လျှောက် ဘဝတစ်ကွေ့ကွေ့မှာ ခင်ပွန်းကြီး(၁၀)ပါးကို ပြစ်မှားခဲ့မိရင် ထိုအပြစ်က ပြေစေကြောင်း လေးလေးနက်နက်တောင်းပန်ရမယ်၊ ပြီးတော့ ဟောဒါကို ရွတ်ရမယ်၊

## ခင်ပွန်းကြီး(၁၀)ပါး တောင်းပန်ဂါထာ

> ဗုဒ္ဓါ ပစ္စေကဗုဒ္ဓါစ
> ရဟန္တာ အဂ္ဂသာဝက
> မာတာပိတု ဂုရုသတ္ထာ
> ဓါယကာ ဓမ္မဒေသကာ
> ကမ္မဒေသာ မဟာဂုဏော
> အဟံဝန္ဒာမိ သဗ္ဗဒါ။ ။

ဗုဒ္ဓါစ-ဘုရားရှင်အားလည်းကောင်း၊ ပစ္စေကဗုဒ္ဓါ-ပစ္စေက ဗုဒ္ဓါအားလည်းကောင်း၊ ရဟန္တာစ-ရဟန္တာအရှင်မြတ်အားလည်းကောင်း၊ အဂ္ဂသာဝကာစ-ရှင်သာရိပုတ္တရာနှင့်ကျေးဇူးရှင် မိခင်အားလည်းကောင်း၊ မာတာစ-မွေးကျေးဇူးရှင် မိခင်အားလည်းကောင်း၊ ပိတုစ-ကျွေးကျေးဇူးရှင်ဖခင်အားလည်းကောင်း၊ ဓါယကာစ-ပေးကမ်းထောက်ပံ့ဖူးသော



www.burmeseclassic.com

www.burmeseclassic.com



သူတို့အားလည်းကောင်း၊ ဓမ္မဒေသကာစ-တရားတော်မြတ် ဟောညွှန်အပ်သည့် ပုဂ္ဂိုလ်မြတ်တို့အားလည်းကောင်း၊ ဣမေဒသ-မဟာဂုဏော-ဤကျေးဇူးတော်မြတ်(၁၀)ပါးသော ပုဂ္ဂိုလ်တို့အား၊ အဟံ-အကျွန်ုပ်သည်၊ သဗ္ဗဒါ-အခါမလပ်၊ ဝန္ဒာမိ-ရှိခိုးအပ်ပါ၏ အရှင်ဘုရား။

"အဲဒီနည်းနဲ့ တစ်ပတ်ကို တစ်ကြိမ်ကျ (၁၀)ခါပြည့် အောင် လေးလေးနက်နက်လုပ်ရမယ်၊ မောင်ပေကြီးရဲ့ စိတ်ထဲမှာ အဲဒီအပြစ်တွေ မရှိတော့ဘူးလို့ ယုံကြည်သွားတဲ့ အထိ လုပ်ရင် ပိုပြီးကောင်းတယ်. . ." ဟု ကျွန်ုပ်က သင်ပြပေးလိုက်ရာ မောင်ပေကြီးလည်း အလုံးစုံကို ရေးမှတ် သွားလေ၏။

အထက်ပါအဖြစ်အပျက်များ ဖြစ်ပွားပြီး မောင်ပေကြီး သည်တစ်ခေါက်ပြန်၍ ရောက်လာလေ၏။

"ဆရာကြီးရေ. . .၊ ခင်ပွန်းကြီး(၁၀)ပါးကို တောင်းပန် ပြီးကတည်းက ကျွန်တော့်စိတ်တွေလည်း ရှင်လန်းသွားတယ်၊ လုပ်ရေးကိုင်ရေးတွေလည်း အဆင်ပြေသွားတယ်၊ အဲဒါကြောင့် ဆရာကြီးကို လာကန်တော့တာ. . ." ဟု ဆိုကာ ပလေကပ်အဖြူရောင် တစ်ထည်၊ ရွှေပုဆွန်ကိတ်မုန့် တစ်ဗူးနှင့် ငွေတစ်သောင်း၊ ကန်တော့လေ၏။ ထို့ကြောင့် ကျွန်ုပ်က-

"ဒီငွေက ဘာလုပ်မလို့လဲ. . ." ဟု မေးရာ-



www.burmeseclassic.com


www.burmeseclassic.com



"ဆရာကြီးက မနက်ဆိုရင် ထမင်းကြမ်းနဲ့ ပဲပြုတ်နဲ့ နယ်ပြီး၊ စားတတ်တယ်၊ ပဲပြုတ်ဖိုးထွက်ထွက်ပြီး အလှူခံနေတယ်ကြား၊လို့ ကျွန်တော်က ကန်တော့တာပါ၊ ဆရာကြီးကို ပဲပြုတ်လာပြီးပို့တဲ့ မိန်းမက ကုလားကြီးကုန်းမှာနေတယ်၊ သူ့အိမ်ကို ကျွန်တော်ရောက်ခဲ့ပြီးပြီ. . .၊ ဆရာယူသလောက် ပဲပြုတ်ကိုပေးပါ၊ လကုန်ရင် ပဲပြုတ်ဖိုး ကျွန်တော်လာပြီး ဆပ်ပါ့မယ်လို့ ကျွန်တော်သွားပြောပြီးပြီ၊ ဆရာကြီးဘာမှ မပူနဲ့တော့. . .၊ ဒီတစ်သောင်းကတော့ ဆီဝယ်ထားပေါ့ဆရာကြီးရယ်. . ." ဟု ပြုံးရွှင်သော မျက်နှာဖြင့် ပြောလိုက်လေတော့၏။

ကျွန်ုပ်မှာ ထိုအဖြစ်အပျက်ကြောင့် ပီတိများဖြစ်ကာ မျက်လုံးအိမ်၌ မျက်ရည်များစို့၍ပင် လာလေတော့သတည်း။

သဗ္ဗေသတ္တာ ကမ္မဿကာ





www.burmeseclassic.com

www.burmeseclassic.com



# ကိုယ်ပိုင်စကားပြောပုံဆန်းကြယ်လေသော ဆင်တောင်ဖွဲ့ခြင်း

တစ်နေ့သ၌ ကျွန်ုပ်ထံသို့ ကျွန်ုပ်နှင့် သိဟောင်းကျွမ်းဟောင်းဖြစ်သော ကိုပီတာဆိုသည့် လူကြီးတစ်ဦးနှင့် အသက်(၁၂)နှစ်၊ (၁၃)နှစ်အရွယ် သူငယ်လေးတစ်ဦးတို့သည် အလည်အပတ် ရောက်ရှိလာကြလေ၏။ ၎င်းတို့နှင့် မရှေးမနှောင်းမှာပင် ကျွန်ုပ်၏ မိတ်ဆွေဟောင်းတစ်ဦးဖြစ်သော ဖေါ်သာညက်ဆိုသည့် အဒေါ်ကြီးတစ်ဦးပါ ရောက်ရှိလာလေ၏။ ကျွန်ုပ်သည် ၎င်းတို့သုံးဦးအား မုန့်ကျွေးသဲ၊ မုန့်ဦးနောက်တို့ကို ကျွေးထားပြီးလျှင် မှော်ဘီဈေးသို့ ဈေးဝယ် ထွက်ရလေ၏။

ဈေးမှပြန်လာသောအခါ ဝက်ရိုးများကို ဖြုတ်၍ ငံပြာရည်ကောင်းကောင်းခတ်ကာ ဝက်ရိုးဟင်းချိုတစ်ခွက် ချက်ရလေ



www.burmeseclassic.com

www.burmeseclassic.com



၏။ ပြီးလျှင် ပုဇွန်များကို နုတ်နုတ်စဉ်းကာ ရှောက်သီးညှစ်ပြီး ငရုတ်သီးမှုန့်နိုင်နိုင်ခတ်ပြီး ပုဇွန်အစိမ်းသုပ် သုပ်ရလေ၏။ ထို့နောက် ပဲတောင့်ရှည်သီးများကို အလောတော် လှီးဖြတ်၍ ကြော်ရလေ၏။

အလုံးစုံပြီးသောအခါ ၎င်းတို့အား နံနက်စာ တည်ခင်းကျွေးမွေးရလေ၏။ ၎င်းတို့သုံးဦးလည်း မြိန်ယှက်စွာ စားသောက်ကြလေ၏။ ထိုသို့စားသောက်ရင်း ဒေါ်သာညာကြီးက-

"မောင်ခရေ. . .၊ အဒေါ်တို့နားမှာက ကလေးကျောင်းလေးရှိတယ်၊ အဲဒီကလေးတွေအတွက် စာအုပ်တို့၊ ခဲတံတို့၊ ခဲဖျက်တို့ ဆိမ်မှာတင်ထားပြီးရောင်းတယ်၊ ပြီးတော့ ကျောင်းမှာ စာမလိုက်နိုင်တဲ့ကလေးတွေကိုလည်း အဒေါ်က ခေါ်ပြီး စာပြပေးတယ်၊ သူတို့ မိဘတွေက သဘောကျလို့ အဒေါ့်ကို နှီးဆီပူးလေး၊ ပိုက်ဆံလေး ဘာလေး ပေးကြတယ်၊ အဒေါ်က အဲဒါလေးနဲ့ အဆင်ပြေနေတယ်၊ မနက်မိုးလင်းလာရင် ထမင်းကြမ်းနဲ့ ပဲပြုတ်က မစားဘဲ မနေနိုင်ဘူးတော့၊ သူတို့ပေးတဲ့ ပိုက်ဆံလေးနဲ့ ပဲပြုတ်ဝယ်ပြီးစားရတယ်" ဟု ပြောလေ၏။

"ကောင်းသားပဲဗျ. . ." ဟု ကျွန်ုပ်က ပြောလိုက်ရာ ဒေါ်သာညာကြီးက-

"မောင်ခက ကောင်းပေမဲ့ တစ်ချို့က အဲဒီလိုလုပ်တာကို



www.burmeseclassic.com

www.burmeseclassic.com


မကြိုက်ဘူး၊ အဲဒီတော့ အဒေါ့်ကို ရန်လုပ်ကြတယ်၊ အဲဒါ တစ်ခုပဲ စိတ်ညစ်တာပါ. . . ” ဟု ပြောလေ၏။ ထိုအခါ ပေတလူက-

“အဒေါ်ရယ်. . .၊ အဲဒီရန်တွေကင်းဝေးသွားအောင် ပုတီးများများစိပ်စမ်းပါ. . . ” ဟု ဝင်၍ အကြံပေးလေ၏။ ထိုအခါ ဒေါ်သာညဏ်ကြီးက-

“ပြောရမှာလည်း ရှက်ပါတယ် ပေတလူရယ်. . .၊ အဒေါ်က ပုတီးမစိပ်တတ်ဘူး၊ တစ်ခါမှလည်း မစိပ်ဖူးဘူး . . . ” ဟု ပြောလေ၏။

ထိုအခါ ပေတလူက ၄င်း၏ အိတ်အတွင်းမှ ပုတီးကို ထုတ်၍ ထမင်းစားပြီးသောအခါ၌ ဒေါ်သာညဏ်ကြီးကို ပုတီးစိပ်နည်းသင်ပေးလေ၏။ ကျွန်ုပ်ကလည်း ဒေါ်သာညဏ် ကြီးအား ပုတီးတစ်ကုံးလက်ဆောင်ပေးလိုက်လေ၏၊ ဒေါ်သာညဏ်ကြီးသည် ပုတီးရသည့်အချိန်မှစ၍ ကျွန်ုပ်၏ ဘုရားစင်ရှေ့သို့ သွားကာ ပုတီးစိပ်နေလေတော့၏၊ ဒေါ်သာညဏ်ကြီး ပုတီးစိပ်နေသည်ကို ကြည့်ပြီးလျှင် ပေတလူက-

“အဘရေ. . . လန်ဒန်မြို့ပေါ်မှာတင် ကိုယ်လုပ်စရာရှိတဲ့ အလုပ်တွေကို လုပ်၊ ပြန်လာရင် ဂမ္ဘီရလမ်းစဉ်ကို အကျအန လုပ်တဲ့(၄၀)လောက်ရှိတယ် အဘရဲ့၊ အဲဒီလူတွေ အားလုံးက သူတို့ အလုပ်လုပ်တဲ့အခါ သူတို့နှစ်သက်တဲ့ အနံ့နဲ့ အမွှေးတိုင်


www.burmeseclassic.com

www.burmeseclassic.com



မလေးတွေ ထွန်းပြီး လုပ်လေ့ရှိတယ်၊ သူတို့ အားလုံးဟာ အသက်(၄၀)လောက်ရှိတဲ့ မာဂရက်ဆိုတဲ့ မိန်းမဆီက အမွှေးတိုင်ကိုပဲ သုံးကြတယ်၊ မာဂရက်က နေ့စဉ်လာပြီး ပို့တယ်၊ လကုန်မှ အမွှေးတိုင်ဖိုးလာပြီး တောင်းတယ်၊ တစ်နေ့မှာ မာဂရက်က 'ဘာလုပ်ကြတာလဲ' လို့ မေးပြီး တစ်ဦးစီမှာ လုပ်နည်းတွေတောင်းတယ်၊ လူ(၄၀)လုံးက မချွင်းမချန် သူတို့ရဲ့ ဂမ္ဘီရနည်းလမ်းတွေကို ပြောပြတယ်၊ မာဂရက်က အဲဒီနည်းတွေကို စာအုပ်နဲ့ ရေးမြီးမှတ်သွားတယ်၊ အိမ်ရောက်တော့ ပြန်ဖတ်ပြီး အကောင်းဆုံးလို့ ထင်တဲ့ နည်းတွေကို ပေါင်းပြီး သူလည်း ဂမ္ဘီရအလုပ်တွေကို လုပ်တယ်၊ ဟိုလူ(၄၀)က ဘာမှ မဖြစ်သေးဘူး၊ သူက ဂမ္ဘီရအောင်ပြီး ထွက်ရပ်ပေါက်သွားတယ်၊ အခုလည်း ဒေါ်သာဉာဏ်ကြီးက ဘာမှမသိဘူးဆိုပြီး'နည်း' တောင်းတယ်. . .၊ အဘက ပုတီးတစ်ကုံးပေးလိုက်တယ်၊ ကျွန်တော်နဲ့အဘက ဘာမှမဖြစ်ဘဲ ဒေါ်သာဉာဏ်ကြီးက ဖြစ်သွားလိမ့်မယ်. . . " ဟု ပြောကာ ရယ်မောလိုက်လေ၏။ ထိုအခါ ကိုပီတာကြီးက-

"မြန်မြန်ဖြစ်သွားရင်လည်း ကောင်းပါတယ်ကွာ. . .၊ မျက်စိနောက်လွန်းလို့ပါ. . . " ဟု ပြောလေ၏။ ဒေါ်သာဉာဏ်ကြီး ပုတီးစိပ်ပြီးသောအခါ၌ ပေတလူက-



www.burmeseclassic.com

www.burmeseclassic.com



သောသုတ္တံပိ မေ ဘောဂံ၊
ပဥ္စဝေရာ ဘဝေ ဘဝေ၊
မာဂမဏ္ဍေယျုဥ္စ နသောယျံ၊
အသောကော ဘောဂဟောတုမေ၊

ပေတလူသည် ထိုဂါထာကို နှုတ်တိုက်ချပေးလေ၏။ များမကြာမီ၌ ဒေါ်သာညဏ်ကြီးသည် အလွတ်ရသွားလေတော့၏။ ထိုအခါ ဒေါ်သာညဏ်ကြီးက-

"ဟုတ်ပါပြီ ပေတလူရယ်. . .၊ အဲဒီဂါထာကို အနက်လည်း ပေးပါဦး. . ." ဟု ဆိုလေ၏။ ထိုအခါ ပေတလူသည် အောက်ပါအတိုင်း အနက်ကို ရွတ်ပြလေ၏။

ဘဝေ ဘဝေ၊ ဘဝတိုင်း ဘဝတိုင်း၊ မေ၊ ငါ၏ ဘောဂံ၊ စည်းစိမ်ဥစ္စာကို၊ ဒသောသုတ္တံပိ၊ မြို့စွာချည်တစ်မျှင်မျှကိုသော်လည်း၊ ပဥ္စဝေရာ၊ ရေ,မီး,မင်း,ခိုးသူတည်းဟူသော လူတွင်ကျစ်ညစ် မချစ်မုန်းထား ငါးပါးသော ရန်သူတို့သည်၊ မာဂဏ္ဍေယျုဥ္စ၊ ယူလည်းမယူနိုင်ကြစေကုန်သတည်း။ ဘောဂဟောတု၊ ဥစ္စာဟူသော အကြောင်းကြောင့်၊ မေ၊ အကျွန်ုပ်အား၊ အသောကော၊ စိုးရိမ်ကြောင့်ကြမရှိသည်၊ ဟောတု၊ ဖြစ်စေသတည်း. . .။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သာညက်ကြီးသည် အနက်ကိုပါ ကျက်မှတ်၍ ဝမ်းသာအားရ ပြန်သွားလေတော့၏။ ကြားထဲတွင် ဒေါ်သာ ညက်ကြီးတစ်ခေါက်ပြန်လာ၏။ နေ့တိုင်း ဘုရားတက်၍ ပုတီးစိပ်နေပြီဖြစ်ကြောင်းလည်း ပြော၏။ ဘုရားတက် သောအခါ အပေါ်ဖြူ အောက်ဖြူ ဝတ်လိုသည်ဟု ဆိုသဖြင့် အင်္ကျီအဖြူနှင့် ထဘီအဖြူ နှစ်စုံချုပ်ပေးလိုက် ရလေ၏။ ဒေါ်သာညက်ကြီးအား နံနက်မိုးလင်းသည်နှင့် ရွှေတိဂုံဘုရား သောကြာထောင့်သို့ရောက်ကာ ပုတီးစိပ် နေပြီဖြစ်၏။ ရွှေတိဂုံ ဘုရားသို့ မှန်မှန်သွားနိုင်ရန်အတွက် ကားခကို တစ်လစာ တစ်လစာ ကျွန်ုပ်က မှန်မှန်ထုတ်၍ ပေးနေရ၏။ ပုတီးစိပ်ရုံ မျှမက သတ်သတ်လွတ်ပါ စား၍ နေသည်ဟု ဆိုသဖြင့် ပဲ ငါးပိဗူးများ၊ သရက်သီးသနပ်ဗူးများ ပါဝယ်၍ လက်ဆောင် ပေးနေရသည်ဖြစ်၏။ လွန်စွာ ဂဏှာမငြိမ်သော ဒေါ်သာ ညက်ကြီးသည် ပေတလူ၏ ကျေးဇူးကြောင့် ပုတီးသမားကြီး ဖြစ်၍ သွားပြီဖြစ်၏။ ထို့ကြောင့် ကိုပီတာကြီးက-

"ပေတလူတို့ကတော့ တော်တယ်ကွာ. . .၊ ဒေါ်သာညက် ကြီးလည်း အခြားစကားမပြောပေ။ ပုတီးစကားသာ ပြောနေ တော့၏။ အချိန်ကာလ အတန်ကြာသောအခါ ဒေါ်သာညက် ကြီးအား လေးစား ကြည်ညိုသော ပရိသတ်ရှိလာလေတော့၏။ ဒေါ်သာညက်ကြီးထံတွင် ပုတီးစိပ်ပုံစိပ်နည်း မေးမြန်း သင်ယူ ကြလေ၏။ ၎င်း၏ပရိသတ်သည် ၎င်းအား ထောက်ပံ့သဖြင့်



www.burmeseclassic.com

www.burmeseclassic.com


ဒေါ်သာညဏ်ကြီးသည် အတော်အတန် စိုစိုပြည်ပြည် ဖြစ်နေပြီဖြစ်၏။ ဥပဓိရုပ်မှာလည်း ယခင်ကဲ့သို့ ညစ်ထေးထေး မဟုတ်တော့။

မျက်နှာသည် အလွန်သန့်ရှင်း ကြည်လင်နေပြီဖြစ်၏။ ၎င်း၏ ဘုရားစင်မှာလည်း ဆီမီးများ၊ ပန်းများ ဝေဆာလျက်ရှိနေတော့၏။ ပေတလူကို ၎င်း၏ဆရာအဖြစ် သတ်မှတ်ကာ ၎င်းပေတလူ၏ ဓာတ်ပုံကို ချိတ်ထားလေ၏။ အောက်၌လည်း 'ဆရာလေး ပေတလူ' ဟု ရေးထားလေ၏။ ဥပုသ်နေ့တိုင်းလည်း ကိုးပါးသီလယူကာ ဥပုသ်စောင့်လေ၏။ တစ်ပတ်တစ်ခါ ခြံသို့ရောက်လာသောအခါ၌ ကျွန်ုပ်သည် ဒေါ်သာညဏ်အတွက် သက်သတ်လွတ်ထမင်းဟင်းများ စီမံ ပေးရ လေ၏။ ထို့ကြောင့် ကျွန်ုပ်က ပေတလူအား-

"မင်းကတော့ အတော်ကုသိုလ်ရမယ်ကွ. . .၊ ဒေါ်သာညဏ်ကြီးကို အခုလိုဖြစ်အောင် လုပ်နိုင်တာ အတော် ကုသိုလ်ရမယ်၊ တစ်ခုတော့ရှိတယ်၊ ကိုပီတာကြီးကို မင်း မလုပ်နိုင်ဘူး. . ." ဟု ပြောလျှင် ပေတလူက-

"ဒီလိုအဘရဲ့. . .၊ ဒေါ်သာညဏ်ကြီးက ဘာမှမတတ်ဘူး၊ ခွက်နဲ့ ဥပမာထားပြီးပြောရရင် ဒေါ်သာညဏ်ခွက်က ဘာမှမရှိဘူး၊ ဦးပီတာကြီးခွက်က သူ့ဟာနဲ့သူ ပြည့်နေတာ၊ ကျွန်တော်ဘာမှထည့်လို့မရဘူး. . ." ဟု ပြောကာ တဟဲဟဲ ရယ်လေတော့၏။လွန်စွာဂနာမငြိမ်ရှသော ဒေါ်သာညဏ်ကြီး

www.burmeseclassic.com


ဂနာငြိမ်သွားသောအခါ ကျွန်ုပ်သည် လွန်စွာပီတိဖြစ်ရလေ၏။

မနက်ဆိုရင် ဘုရားရောက်နေပြီ၊ အဓိဋ္ဌာန်နဲ့ ဂုဏ်တော်ပုတီးစိပ်တယ်၊ ပြီးတော့ ဆရာလေးပေတလူသင်ပေးထားတဲ့ ဂါထာလေးကိုလည်း ပုတီးစိပ်တယ်၊ အဲဒီတော့ အဒေါ်မှာ တာသောကမှ မရှိတော့ဘူး၊ အဒေါ်မှာ အတော်အေးချမ်းနေပြီ၊ အဒေါ်ကို ဝိုင်းဝန်းထောက်ပံ့ကြလို့ မနက်ကို ထမင်းနဲ့စားဖို့ ပဲပြုတ်ဖိုးလည်း မပူရတော့ဘူး၊ ဆရာလေးပေတလူရဲ့ ကျေးဇူးပါပဲ. . .” ဟု ကျေးဇူးတင်စကား ပြောတတ်လေတော့သတည်း. . .။

သဗ္ဗေသတ္တာ ကမ္မသကာ

မင်းသိင်္ခ



www.burmeseclassic.com

www.burmeseclassic.com



# ဘယ်ကိစ္စမဆို သုံးဖို့လို



မရမ်းတလင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



# ဘာယ်ကဲ့စွမဆို သုံးဖို့ရို

တစ်နေ့သ၌ ကျွန်ုပ်ထံသို့ အသက်(၃၀)ကျော် မိန်းကလေး တစ်ဦးရောက်လာလေ၏။ သူသည် လင်ယောကျ်ားဖြစ်သူ အပ်ထားသော ငွေသိန်းတစ်ရာကို မောင်ဖြစ်သူအား ချေးငှား လိုက်၏။ ၎င်း၏မောင်သည် လောင်းကစားသမားဖြစ်၏။ ငွေသိန်းတစ်ရာလုံးလုံး သုံးပစ်လိုက်၏။ ပြန်၍ မဆပ်နိုင်ပေ။ မိန်းကလေး၏ လင်ယောကျ်ား ပြန်လာလျှင် ထိုကိစ္စကို ရင်ဆိုင် ရပေတော့မည်။ မိန်းကလေးသည် များစွာ စိတ်ချောက်ချား နေ၏။ ညည အိပ်မပျော်သည့် အဖြစ်သို့ပင် ရောက်နေသော ကြောင့် စိတ်လည်း ဂနာမငြိမ် ဖြစ်နေ၏။ မိန်းကလေးသည် ငို၍ ကျွန်ုပ်အား-

"အဘရယ်. . .၊ ကယ်ပါဦး. . .၊ သမီးတို့ လင်မယား ကွဲသွားနိုင်တယ်. . ." ဟု ပြောရှာလေ၏။

"ဒီမှာ မိန်းကလေး၊ စာရွက်ကလေးတစ်ရွက်ပေးလိုက် မယ်. . .၊ အဲဒီ စာရွက်ကလေးမှာ စာမပါဘဲ လွတ်နေတဲ့ အကွက်ကလေး(၄)ကွက်ရှိတယ်၊ မင်းသဘောပေါက်အောင်



www.burmeseclassic.com

www.burmeseclassic.com


# ဘာယ်ကဒ်စွမခို သုံးဖို့ရှိ

တစ်နေ့သ၌ ကျွန်ုပ်ထံသို့ အသက်(၃၀)ကျော် မိန်းကလေး တစ်ဦးရောက်လာလေ၏။ သူသည် လင်ယောကျာ်းဖြစ်သူ အပ်ထားသော ငွေသိန်းတစ်ရာကို မောင်ဖြစ်သူအား ချေးငှား လိုက်၏။ ၎င်း၏မောင်သည် လောင်းကစားသမားဖြစ်၏။ ငွေသိန်းတစ်ရာလုံးလုံး သုံးပစ်လိုက်၏။ ပြန်၍ မဆပ်နိုင်ပေ။ မိန်းကလေး၏ လင်ယောကျာ်း ပြန်လာလျှင် ထိုကိစ္စကို ရင်ဆိုင် ရပေတော့မည်။ မိန်းကလေးသည် များစွာ စိတ်ချောက်ချား နေ၏။ ညည အိပ်မပျော်သည့် အဖြစ်သို့ပင် ရောက်နေသော ကြောင့် စိတ်လည်း ဂနာမငြိမ် ဖြစ်နေ၏။ မိန်းကလေးသည် ငို၍ ကျွန်ုပ်အား-

"အဘရယ်. . .၊ ကယ်ပါဦး. . .၊ သမီးတို့ လင်မယား ကွဲသွားနိုင်တယ်. . ." ဟု ပြောရှာလေ၏။

"ဒီမှာ မိန်းကလေး၊ စာရွက်ကလေးတစ်ရွက်ပေးလိုက် မယ်. . .၊ အဲဒီ စာရွက်ကလေးမှာ စာမပါဘဲ လွတ်နေတဲ့ အကွက်ကလေး(၄)ကွက်ရှိတယ်၊ မင်းသဘောပေါက်အောင်


www.burmeseclassic.com

www.burmeseclassic.com



လို့ ခဲတံနဲ့(၀),(၂),(၃),(၄) ထိုးပေးလိုက်တယ်၊ အဲဒီ လွတ်နေတဲ့ အကွက်လေး(၄)ကွက်မှာ သူ့အစီအစဉ်အတိုင်း ငွေပြန်ရမစလို့ စာရေးရမယ်၊ ပြီးတော့ ကြွေပန်းကန်ပြားမှာ ကပ်ရမယ်၊ ပြီးတော့မှ အဲဒီစာရွက်ပေါ်မှာ ရိုးရိုးဖယောင်းတိုင် ထွန်းပြီးသား စာရွက်ပေါ်မှာပဲ ထပ်ပြီး ထွန်းရမယ်. . . ”ဟု ဆိုကာ ကျွန်ုပ်လည်း အောက်ပါစာရွက်ကို ပေးလိုက်လေ၏။ မိန်းကလေးလည်း ဝမ်းသာအားရ ပြန်သွားလေတော့၏။

| | | | | | |
|---|---|---|---|---|---|
| ဗု | ရ | ဋ္ဌာ | ဝ | ရ | ဋ္ဌာ |
| ဂ | ၁ | ဒ္ဓံ | ဂ | ၂ | မ္မံ |
| သ | ဗိ | ကံ | သ | ဗိ | ကံ |
| အ | ဗု | နု | သံ | ရ | ဋ္ဌာ |
| အ | ၄ | နို | ဂ | ၃ | ယံ |
| ဒွ | ထ္ထ | ဂွ | ဗိ | ဗိ | က |

မိတ္တူကူး၍ အသုံးပြုနိုင်ပါသည်။ မင်းသိင်္ခ

www.burmeseclassic.com

www.burmeseclassic.com



နှစ်ပတ်ခန့်ကြာသောအခါ၌ ထိုမိန်းကလေး ကျွန်ုပ်ထံသို့ ပြန်၍ ရောက်လာလေ၏။

"အဘရေ. . .၊ အဘပြောတဲ့အတိုင်း လုပ်လိုက်တာ(၉) ရက်မြောက်နေ့မှာပဲ ကျွန်မမောင်လေးက ကြွေးလာဆပ်တယ်၊ သူက ကျွန်မကို မုန့်ဖိုး သိန်း(၂၀)တောင် ပေးသွားသေးတယ်၊ အဲဒီတော့ အားလုံး ပြေပြေလည်လည် ဖြစ်သွားပြီ၊ အဲဒါကြောင့် အဘကို လာပြီး ကန်တော့တာ. . .၊ အဘက မနက်တိုင်း ထမင်းကြမ်းနဲ့ ပဲပြုတ်နယ်ပြီး စားတယ်၊ ပဲပြုတ်ဖိုးငွေ အလှူခံတယ်ကြားလို့ ဟိုဘက်လမ်းထိပ်က ပဲပြုတ်သည်အိမ်ကို စုံစမ်းပြီး ဝင်ခဲ့တယ်၊ အဘဆီကို ပဲပြုတ်မှန်မှန်ပို့ဖို့ မှာခဲ့တယ်၊ ပိုက်ဆံလည်း ပေးခဲ့တယ်၊ အဘအလှူမခံနဲ့တော့၊ သမီးလှူတဲ့ ပဲပြုတ်နဲ့ပဲ စားပေတော့. . .၊ ဟောဒါက ဆီပုံး၊ ထမင်းနဲ့ ပဲပြုတ်နယ်ပြီး စားဖို့" ဟု ဆိုကာ ဆီပုံးကိုပါ ကန်တော့လေ၏။

ကျွန်ုပ်လည်း ထိုမိန်းကလေး၏ ဒုက္ခပြေပျောက်သွားသည်ဆိုသောကြောင့် ဝမ်းမြောက်ရလေတော့၏။

"အဘ. . .၊ ကျွန်မက အဲဒီစာရွက်ကလေးကို မိတ္တူကူးထားတယ်၊ ကြွေးကိစ္စမှာပဲ အသုံးပြုလို့ရသလား၊ တခြားကိစ္စမှာရော အသုံးပြုလို့ရသလား. . ." ဟု မေးလေ၏။ ထို့ကြောင့် ကျွန်ုပ်က-

"ရပါတယ် မိန်းကလေးရယ်. . .၊ အဲဒီအကွက်ကလေး



www.burmeseclassic.com


www.burmeseclassic.com



(၄)ကွက်မှာ ကိုယ်လိုချင်တာ ရေးလိုက်ရုံပဲ၊ အဲဒီတော့ ဒီစာရွက်ကလေးကို "ဘယ်ကိစ္စမဆို သုံးဖို့လို" လို့ မှတ်ထားပေါ့ကွယ်. . ." ဟု ပြောလိုက်လေတော့၏။

မိန်းကလေးလည်း ရွှင်မြူးစွာ ပြန်သွားလေတော့၏။ ကျွန်ုပ်လည်း ပီတိဖြစ်ရလေတော့၏။ ကျွန်ုပ်၏ ပီတိမှာ မျက်ရည်များအဖြစ် ကူးပြောင်းကာ ကျွန်ုပ်၏ ပါးပြင်ပေါ်သို့ လိမ့်၍ဆင်းသွားလေတော့သတည်း. . .။


သဗ္ဗေသတ္တာ ကမ္မဿကာ



www.burmeseclassic.com

www.burmeseclassic.com


# အဓိပေးနည်း အလွယ်



မရမ်းတလင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



# အခါပေးနည်း အလှယ်

ကျွန်ုပ်သည် ညှိသည်သုံးဦးကို ကျွေးရန်အတွက် ငါးဘတ်သားလတ်လတ်ကို ဝယ်ခဲ့၏။ ထို့နောက် အသားနှင်ကာ ငရုတ်သီး၊ ကြက်သွန်ဖြူ၊ ချင်းတို့ဖြင့် ငါးဘတ်မွှေပြုလုပ်ရလေ၏။ ငါးဘတ်ခေါင်းကိုမူ ပိန်းရိုးဖြင့် ဟင်းချိုချက်ရ၏။ ပြီးလျှင် မုန်လာချဉ်ကို အစာနိုင်နိုင်ဖြင့် သုတ်ရလေ၏။ ကျွန်ုပ်၏ ညှိသည်သုံးဦးဖြစ်ကြကုန်သော ကိုပီတာ၊ ပေတလူနှင့် ဒေါ်သာညာဏ်တို့သည် ကျွန်ုပ်တည်ခင်းကျွေးမွေးသော ငါးဘတ်မွှေဟင်းကို မြိန်ယှက်စွာ စားသောက်ကြလေ၏။ ထိုသို့စားရင်း ဒေါ်သာညာဏ်ကြီးက-

"မောင်ခရေ. . .၊ ကျုပ်ရဲ့ ပရိသတ်က တစ်ခုခုလုပ်ခါနိုး



www.burmeseclassic.com

www.burmeseclassic.com



ကိုင်၊ ကျုပ်ဆီမှာ အခါကောင်း၊ နာရီကောင်းလာပြီး တောင်းမလှရှိတယ်၊ အဲဒါကို ကျုပ် စိတ်အညစ်ဆုံးပဲ. . .၊ ကျုပ်မှမတတ်တဲ့ကိုး. . .၊ ဟု ပြောလေ၏။ ထို့ကြောင့် ကျွန်ုပ်က-

"အဲဒီအတွက် မပူပါနဲ့ဗျာ. . .၊ ဘယ်နေ့မှာ ဘယ်နာရီဟာ ကောင်းတယ်ဆိုတာ ဇယားလေးလုပ်ထားပါတယ်၊ အဲဒါလေးကြည့်ပြီးတော့ အခါပေးပေတော့. . .၊ ပုဏ္ဏားနတ်သမီးရကိန်းနဲ့ ကြုံရင် ကောင်းတယ်ပေါ့ဗျာ. . .၊ မုဆိုးရွှေအိုးရကိန်းနဲ့ ကြုံရင်လည်း ကောင်းတယ်ပေါ့ဗျာ. . .၊ ဒေဝဒတ်မြေမျိုကိန်းနဲ့ ကြုံရင်တော့ မကောင်းဘူးပေါ့ဗျာ၊ ဓသွာ၊အနက်ကိန်းနဲ့ကြုံရင်လည်း မကောင်းဘူးပေါ့ဗျာ. . .၊ အဲဒါလေးကို ကြည့်ပြီး အခါပေးပေတော့. . . " ဟု ဆိုကာ ကျွန်ုပ်သည် အောက်ပါဇယားလေးတစ်စောင်ကို လက်ဆောင်ပေးလိုက်လေတော့၏။

ဖေါ်သာညက်ကြီးလည်း ထိုစာရွက်နှင့် သူ၏ နဖူးကို အကြိမ်ကြိမ်တို့ကာ အရိုအသေပြုလေတော့၏။

ထို့နောက် ၄င်း၊တို့ သုံးဦးသည် ကျွန်ုပ်ထံတွင် မုန့်ဖိုးတောင်း၍ ပျော်ရွှင်မြူးတူးစွာ ပြန်သွားကြလေတော့သတည်း။

သဗ္ဗေသတ္တာ ကမ္မဿကာ



www.burmeseclassic.com

www.burmeseclassic.com

အခါကောင်းအချိန်ကောင်းယူပုံဇယား

| နေ့အခါ | နံနက်စက်နာရီ | မွန်းလပ်စက်နာရီ | မွန်းတည့်စက်နာရီ | မွန်းတိမ်းစက်နာရီ | နေဝင်စက်နာရီ |
| --- | --- | --- | --- | --- | --- |
| နေ့အခါ | ၆-၀၀<br>၈-၂၄ | ၈-၂၅<br>၁၀-၄၈ | ၁၀-၄၉<br>၁-၁၂ | ၁-၁၃<br>၃-၃၆ | ၃-၃၇<br>၆-၀၀ |
| နေ့အခါ | ပုဏ္ဏားနတ်သမီးရကိန်း | ဒေဝဒတ်မြေမျိုကိန်း | မုဆိုးရွှေအိုးရကိန်း | ကွက်လပ်ကိန်းကျော် | သွေးအန်ကိန်း |
| နေ့အခါ | သွေးအန်ကိန်း | ပုဏ္ဏားနတ်သမီးရကိန်း | ဒေဝဒတ်မြေမျိုကိန်း | မုဆိုးရွှေအိုးရကိန်း | ကွက်လပ်ကိန်းကျော် |
| နေ့အခါ | ကွက်လပ်ကိန်းကျော် | သွေးအန်ကိန်း | ပုဏ္ဏားနတ်သမီးရကိန်း | ဒေဝဒတ်မြေမျိုကိန်း | မုဆိုးရွှေအိုးရကိန်း |
| နေ့အခါ | မုဆိုးရွှေအိုးရကိန်း | ကွက်လပ်ကိန်းကျော် | သွေးအန်ကိန်း | ပုဏ္ဏားနတ်သမီးရကိန်း | ဒေဝဒတ်မြေမျိုကိန်း |
| နေ့အခါ | ဒေဝဒတ်မြေမျိုကိန်း | မုဆိုးရွှေအိုးရကိန်း | ကွက်လပ်ကိန်းကျော် | သွေးအန်ကိန်း | ပုဏ္ဏားနတ်သမီးရကိန်း |
| နေ့အခါ | ပုဏ္ဏားနတ်သမီးရကိန်း | ဒေဝဒတ်မြေမျိုကိန်း | မုဆိုးရွှေအိုးရကိန်း | ကွက်လပ်ကိန်းကျော် | သွေးအန်ကိန်း |
| နေ့အခါ | သွေးအန်ကိန်း | ပုဏ္ဏားနတ်သမီးရကိန်း | ဒေဝဒတ်မြေမျိုကိန်း | မုဆိုးရွှေအိုးရကိန်း | ကွက်လပ်ကိန်းကျော် |